# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၅၂)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၉-၅-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တို့တွင် စတင်ဖွင့်လှစ်ကာ အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များ သင်ကြားပေးမည်

နေပြည်တော် မေ ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

**စစ်သည်တော်ကောင်းတစ်ဦး၏ အင်္ဂါရပ်**

ထိုသို့တွေ့ဆုံစဉ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးသည် အရေးကြီးပြီး တပ်မတော်သားများ၏ အသက်ခန္ဓာဖြစ်သော အမိန့်နာခံတတ်မှုသည် လေ့ကျင့်ရေးမှ အခြေခံခြင်းဖြစ်ကြောင်း၊ အမိန့်နာခံမှုရှိပြီး စည်းကမ်းကောင်းမွန်မှုသည် စစ်သည်တော်ကောင်းတစ်ဦး၏ အင်္ဂါရပ်ပင်ဖြစ်ကြောင်း၊ အမိန့်နာခံမှုနှင့်


စာမျက်နှာ ၃ သို့ ☆


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဧလ**


ယနေ့ ဖတ်စရာအညွှန်း

ဆုတောင်းပြည့်ရန် နဂါးရုံဘုရားဖူးကြပြန်(ဆောင်းပါး) စာမျက်နှာ ၇

ဥရောပယူနီယံပါလီမန် ပိုလ်လုပွဲအဆင့်တွင် အက်စတွန်ဗီလာအသင်းနှင့် ဖရိုင်းဘတ်အသင်းတို့ တွေ့ဆုံ စာမျက်နှာ ၁၁

မန္တလေးတွင် ပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်မည် စာမျက်နှာ ၁၂

၂၀၂၆ ခုနှစ် ၊ မေ ၉ ရက် ၊ စနေနေ့။

## လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး သန်းခေါင်စာရင်း အချက်အလက်များကိုအသုံးချ၍ ဖော်ဆောင်ပေးနိုင်မည်

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာတွင် အောင်မြင်စွာကောက်ယူခဲ့ပြီးဖြစ်သည်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း၊ သန်းခေါင်စာရင်းပင်မ အစီရင်ခံစာဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာ၊ အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းအင်းအသုံးပြုသူများအတွက် စာရင်းဇယားများပါဝင်သည့် အစီရင်ခံစာများကို သတ်မှတ်ကာလများအတွင်း တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစီရင်ခံစာများကို ဆက်လက်ရေးသားပြုစုခဲ့ရာ သန်းခေါင်စာရင်း ရာနှုန်းပြည့်ကောက်ယူနိုင်ခဲ့သည့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရာနှုန်းပြည့်နီးပါး ကောက်ယူနိုင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးတို့၏ အစီရင်ခံစာများကို ဦးစားပေးရေးသားပြုစုခဲ့သည့်အတွက် ယခုအခါ နေပြည်တော်အစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။ နေပြည်တော်အစီရင်ခံစာတွင် နေပြည်တော်၏ လူဦးရေဆိုင်ရာ အချက်အလက်များအပြင် ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အကြောင်းအရာစသည့် အခန်းကဏ္ဍများ စုံစုံလင်လင်ပါဝင်ပါကြောင်း။ ယင်းအချက်အလက်များသည် ဒေသတွင်း၌ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြနှင့်ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အား အခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း စသည့် လက်ရှိကာလအခြေအနေကို ဖော်ပြနေပါကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မေ ၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ နေပြည်တော် အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား၌ ပြောကြားသည်။

နေပြည်တော်တွင်ရှိသည့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးချ၍ ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို ဖော်ဆောင်ရာတွင်လည်း မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုနိုင်မည်ဖြစ်ပါကြောင်း။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစာရင်းအင်းကဏ္ဍနှင့် နိုင်ငံတကာစာရင်းအင်းကဏ္ဍများအတွက်လည်း မိမိတို့ နိုင်ငံ၏အချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ အမျိုးသားအညွှန်းကိန်း မူဘောင်အတွက်လည်း အညွှန်းကိန်းများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း။ ယနေ့ထုတ်ပြန်သည့် နေပြည်တော်သန်းခေါင်စာရင်း အစီရင်ခံစာသည် နေပြည်တော်၏ စာတတ်မြောက်မှုနှုန်း၊ ပညာရည်အဆင့်အတန်း၊ ကျောင်းဆက်မတက်သည့် အခြေအနေများအပေါ်သုံးသပ်၍ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် လိုအပ်သည့်အစီအမံများ ရေးဆွဲနိုင်ရေးညွှန်ပြပေးသကဲ့သို့ လုပ်သားအင်အား၊ အလုပ်အကိုင်အခြေအနေနှင့် အလုပ်လက်မဲ့နှုန်းတို့ကလည်း နေပြည်တော်တွင်ရှိသည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သန်းခေါင်စာရင်း အချက်အလက်များကို အသုံးချ၍ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နေပြည်တော်အစီရင်ခံစာ ထုတ်ပြန်နိုင်မှုနှင့် အစီရင်ခံစာပါ အချက်အလက်များကို အခြေခံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ဆွေးနွေးပြောကြားသည်။ သန်းခေါင်စာရင်းမှ ဖော်ထုတ်ရရှိသည့် အချက်အလက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အမျိုးသားရေးရည်မှန်းချက်များအတွက် လမ်းပြမြေပုံအဖြစ် ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြင်ဦးလွင်မြို့နယ်ရှိ အထင်ကရနေရာများသို့ လူရည်ချွန်မောင်မယ်များ သွားရောက်လေ့လာလည်ပတ်

ပြင်ဦးလွင် မေ ၈

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် လူရည်ချွန်စခန်းသို့ ရောက်ရှိနေသော Grade-9 လူရည်ချွန် ကျောင်းသားကျောင်းသူ ၉၆ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦးတို့သည် ယနေ့နံနက် ၇ နာရီမှစ၍ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အထင်ကရ ဘုရားစေတီများ၊ ထင်ရှားကျော်ကြားသည့် နေရာများနှင့် အသေးစား၊ အလတ်စား MSME လုပ်ငန်းများသို့ လေ့လာလည်ပတ်ရန် စတင်ထွက်ခွာခဲ့ကြသည်။



ဦးစွာ ပြင်ဦးလွင်မြို့ရှိ မဟာ အံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားကြီးအား သွားရောက်ဖူးမြော်ပြီး ထင်ရှားကျော်ကြားသည့် ရေတံခွန်တစ်ခု ဖြစ်သော ပွဲကောက်ရေတံခွန်(BE Fall)သို့ သွားရောက် လေ့လာလည်ပတ်ကာ ပျော်ရွှင်စွာ ကစားကြသည်။

### သွားရောက်လေ့လာ

ထို့နောက် မွန်းလွဲပိုင်းတွင် ပွေးတောင် coffee park၊ ဒိုးကွင်ပိုးချည်စက်ရုံနှင့် ပိုးမွေးမြူရေးလုပ်ငန်း၊ Winner Wine လုပ်ငန်းသို့ သွားရောက်လေ့လာခဲ့ရာ လူရည်ချွန် မောင်မယ်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ရှင်းလင်းပေးသည်။ ညနေပိုင်းတွင် လူရည်ချွန်စခန်း၌ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ လာရောက် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## (RBF) ဆောင်ရွက်မည့် အင်းခမ်းကုန်းကျေးရွာတွင် အဆိုပြုလွှာရေးသားနည်းသင်တန်း ဖွင့်လှစ်

**ဝမ်းတွင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်းခမ်းကုန်းကျေးရွာမှ ကျေးရွာလုပ်ငန်းအဖွဲ့အား အဆိုပြုလွှာရေးသားနည်းသင်တန်းကို ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် သင်တန်းဖွင့်လှစ်ပို့ချရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့၏ တာဝန်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ငွေစာရင်းပုံစံစာအုပ်ဖြည့်သွင်းနည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်းခမ်းကုန်းကျေးရွာမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို စာတွေ့၊ လက်တွေ့ဖြင့် သုံးရက်ကြာဖွင့်လှစ်ပို့ချပေးသွားမည်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**အောင်ရဲကျော်**
**(ကျေးလက်)**

၀-၀-၀-၀
၀-၀-၀

## မြန်မာ့ရေထွက်ကုန် ၄၂ နိုင်ငံသို့ တင်ပို့နေပြီး ရေငန်ထွက်ကုန် ၇၀ ရာခိုင်နှုန်းပါဝင်

**မန္တလေး မေ ၈**

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံပေါင်း ၄၂ နိုင်ငံသို့ တင်ပို့လျက်ရှိပြီး တင်ပို့မှုတွင် ရေငန်ထွက်ကုန် ၇၀ ရာခိုင်နှုန်းနှင့် ရေချိုထွက်ကုန် ၃၀ ရာခိုင်နှုန်း ပါဝင်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက "ရေထွက်ကုန် ပြည်ပပို့ကုန် ၁၀၀ ရာခိုင်နှုန်းမှာ ရေငန်က ၇၀ ရာခိုင်နှုန်းနဲ့ ရေချိုက ၃၀ ရာခိုင်နှုန်း တင်ပို့နေပါတယ်။ လက်ရှိ နိုင်ငံပေါင်း ၄၂ နိုင်ငံကို တင်ပို့နေပါတယ်"ဟု ပြောကြားသည်။



(ဝဲပုံ)

လက်ရှိတွင် ပြည်ပနိုင်ငံများ၌ မွေးမြူရေးကဏ္ဍသည် အဓိက ဖွံ့ဖြိုးလာနေသကဲ့သို့ ပြည်တွင်း၌လည်း ခေတ်မီမွေးမြူရေးဇုန်များ တိုးချဲ့နိုင်ပါက နိုင်ငံခြားဝင်ငွေ တိုးတက်လာနိုင်မည်ဖြစ်ပြီး ရေထွက်ကုန်ပြတ်လပ်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခေတ်မီရေလုပ်ငန်း မွေးမြူရေးဇုန်တစ်ခု တည်ထောင်နိုင်ပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ နီးပါး ဝင်ငွေရရှိနိုင်ကြောင်းလည်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်ရှိ ဧက ၃,၀၀၀ ကျော် ရေနက်ကွင်းတွင်လည်း ငါးတန်များကို ခေတ်မီနည်းပညာဖြင့် မွေးမြူထုတ်လုပ်နေပြီး တရုတ်နိုင်ငံနှင့် ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရန် စာချုပ်များ ချုပ်ဆိုထားကာ ယခုနှစ်အတွင်း စတင်တင်ပို့နိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရေချိုနှင့် ရေငန်မွေးမြူရေးကဏ္ဍများကို တိုးချဲ့နိုင်ပါက ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေများလည်း စဉ်ဆက်မပြတ်ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

- ❖ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ ပညာရေးနှင့်ပတ်သက် သည့် ကဏ္ဍသစ်တစ်ခုကို စတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်၍ အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်
- ❖ ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်
- ❖ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံ ကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်

☆ ရှေ့ဖုံးမှ

စည်းကမ်းလိုက်နာမှု အားကောင်းပါက အောင်မြင်မှုများစွာ ရရှိမည်ဖြစ်ကြောင်း၊ တပ်မတော်သားဘဝသည် ရခဲသောဘဝဖြစ်၍ အသက်ကိုစွန့်လွှတ်ရန် သစ္စာပြုထားသူများဖြစ်သည့်အတွက် မိမိတပ်မတော်သားဘဝကို ချစ်မြတ်နိုး၍ ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်သား ဇနီး၊ မယားများသည်လည်း ဂုဏ်ယူစွာဖြင့် ပါရမီဖြည့်ဖက်ကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ရာထူးနှင့် ဥစ္စာသည် လုပ်ယူ၍မရကြောင်း၊ မိမိ၏လုပ်ဆောင်မှု၊ ကြိုးစားအားထုတ်မှုနှင့် ကိုက်ညီသော အခြေအနေကိုသာ ရရှိနိုင်ကြောင်း၊ သင်တန်းကျောင်းများ၏ သင်တန်းဆင်းမှတ်ချက်နှင့် အရည်အချင်းသတ်မှတ်ချက်များသည် မှန်ကန်နေရန်လိုကြောင်း၊ သင်တန်းဆင်းအရည်အချင်း သတ်မှတ်ချက်သည် တာဝန်ပေးအပ်မှုတွင် အရေးပါသဖြင့် အရေးကြီးကြောင်း၊ ၎င်းကွပ်ကဲနေသည့် အဖွဲ့အစည်းပေါ်တွင် သက်ရောက်မှုများရှိ၍ သင်တန်းကျောင်းများက မှန်ကန်သောအရည်အချင်းအရ သတ်မှတ်ပေးရန်လိုကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များရှိကြောင်း၊ တပ်မတော်သားများဖြစ်သည့်အတွက် ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုကအစ စည်းကမ်းစနစ်တကျရှိရန်လိုအပ်ပြီး စည်းကမ်းသည် တိုက်တွန်းချက်၊ တားမြစ်ချက်ပင်ဖြစ်၍ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကိုလည်း လိုက်နာကြရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ခေါင်းဆောင်မှုသည်လည်း လွန်စွာအရေးကြီးပြီး ခေါင်းဆောင်မှုမကောင်းလျှင် လက်အောက်၏ယုံကြည်အားကိုးမှု ကျဆင်း၍ တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်စေကြောင်း၊ အမိန့်သည် ပြီးစလွယ်ပေး၍မရကြောင်း၊ မှန်ကန်သည့်အမိန့်ဖြစ်ရန်နှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်လိုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိလက်အောက်သို့ အရေးယူအပြစ်ပေးရာတွင် မဆုံးဖြတ်မီ သေချာစွာစဉ်းစားသုံးသပ်ရန်လိုကြောင်း၊ မလိုလားအပ်သော ဆုံးဖြတ်ချက်အလွဲများကြောင့် ကာယကံရှင်တွင် နစ်နာမှုများရှိသကဲ့သို့ တပ်မတော်အတွက်လည်း ဆုံးရှုံးမှုများဖြစ်စေကြောင်း။

- ☆ ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အတွက် အရေးကြုံချိန် နိုင်ငံသားကောင်းတစ်ယောက်ပီသစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြု ကျေးဇူးတင်ဂုဏ်ပြု
- ☆ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထိုက်သင့်သော အကျိုးခံစားခွင့်များကို ပေးအပ်ချီးမြှင့်ခဲ့
- ☆ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိ၍ ဝမ်းမြောက်စွာကြိုဆို
- ☆ တာဝန်ရှိသူများအနေဖြင့် အဆိုပါပြည်သူ့စစ်မှုထမ်းများအား ဖခင် စိတ်ဓာတ်၊ ညီအစ်ကို စိတ်ဓာတ်၊ ရဲဘော် ရဲဘက် စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ယူရန်လို

တပ်မတော်သားများအနေဖြင့် သစ္စာရှိရန် အထူးလိုအပ်ပြီး သစ္စာအဓိဋ္ဌာန်(၄)ချက်ကို နေ့စဉ်ရွတ်ဆိုနေသူများဖြစ်ကြောင်း၊ သစ္စာသည် စွမ်းအားထက်မြက်သဖြင့် သစ္စာပျက်ယွင်း ချိုးဖောက်မှုများသည် ဘေးအန္တရာယ် ဖြစ်စေကြောင်း၊ စည်းရုံးရေးနှင့် ပတ်သက်၍ အထက်အောက် အပြန်အလှန်လေးစားမှုဖြင့် ကောင်းမွန်သောဆက်ဆံရေးရှိရန်လိုကြောင်း၊ ခေါင်းဆောင်များသည် မိမိကွပ်ကဲအုပ်ချုပ်ရသူများ၏ အရည်အသွေးနှင့် အကျင့်စာရိတ္တကို သိရှိရန်လိုကြောင်း၊ စည်းကမ်းနှင့်ပတ်သက်၍ ခွင့်လွှတ်၍ရသည်ကို ခွင့်လွှတ်၍ ခွင့်လွှတ်၍မရသည်ကို ခွင့်လွှတ်မပေးရန်လိုကြောင်း၊ ခွင့်လွှတ်၍ရသည်များကို နားလည်ခွင့်လွှတ် သွန်သင်ထိန်းကျောင်းပေးသွားရန်လိုကြောင်း၊ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စစသည့် ပြစ်မှုများသည် ခွင့်လွှတ်၍မရကြောင်း။

တပ်မတော်သားကောင်းတစ်ယောက် ဖြစ်ရန်အတွက် မတော်လောဘဖြင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမပြုရန်နှင့် ကင်းရှင်းစွာ နေထိုင်ရန်လိုကြောင်း၊ ဘာသာဘာသာနေခြင်းသည် အဖွဲ့အစည်းကိုပျက်စီးစေနိုင်၍ စည်းကမ်းပိုင်းတွင် အသေးအဖွဲမှစ၍ လျှော့ပေါ့မပေးရန်လိုကြောင်း၊ အထက်အောက်ဆက်ဆံရေးတွင် မှန်မှန်ကန်ကန် တင်ပြမှုသည်အရေးကြီး၍ အခြေအနေမှန်ကို တင်ပြနိုင်မှသာ ခေါင်းဆောင်များ မှန်ကန်စွာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ အဆင့်လိုက်တာဝန်ခံမှု၊ တာဝန်ယူမှုရှိပြီး အခြေအနေမှန်ကို တင်ပြပေးရန်လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ တပ်မတော်၏ အဓိကတာဝန်ဖြစ်သော နိုင်ငံတော် ကာကွယ်ရေး တာဝန်ထမ်းဆောင်နိုင်ရန် ကျန်းမာ၊ ကြံ့ခိုင်နေရန် လိုကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးတို့သည် ကိုယ်တိုင်လုပ်ယူရသည့်ကိစ္စဖြစ်၍ ကျန်းမာရေးကောင်းမွန်ရန် တစ်ဦးချင်းကျင့်ကြံနေထိုင်ရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ Standard Army ဖြစ်ရန် ပညာရေးကို မြှင့်တင်သွားရန်လိုကြောင်း၊ ခေတ်မီစစ်လက်နက် ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးချနိုင်ရန် ပညာရည်မြင့်မားရန်လိုအပ်၍ တပ်မှူးများက စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်များ၏ ပညာရေးကို ပိတ်ပင်ခြင်းမပြုရန်နှင့် လမ်းဖွင့်ပေးရန်၊ ဖြည့်ဆည်းပေးရန်လိုကြောင်း၊ အလားတူ မိသားစုဝင် သားသမီးများ၏ ပညာရေးကိုလည်း အားပေးမြှင့်တင်ရန်နှင့် အနည်းဆုံးKG+9 အဆင့်အောင်မြင်ရန်လိုပြီး ဝါသနာအရဖြစ်စေ၊ အထက်တန်းပညာရေးကို ဆက်လက်တက်ရောက်ရန် အခက်အခဲရှိ၍ဖြစ်စေ၊ စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်ရင်း/ဌာနချုပ် အသီးသီး၌ မူကြိုကျောင်းများကိုလည်း ဖွင့်လှစ်ပေးထားပြီး ကလေးငယ်များ၏ နုနယ်သောစိတ်ထားကို လေ့ကျင့်သင်ကြားပေးနိုင်ရန် အရည်အချင်းရှိသော ဆရာမများ ခန့်အပ်ပေးနိုင်ရန်လိုကြောင်း။

ထို့ပြင် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ ပညာရေးနှင့် ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကိုစတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော် လူငယ်ပညာရေး သင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်၍ အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော် ဆေးဘက်ဆိုင်ရာပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်၍ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးသည် ကိုယ်တိုင်အကျိုးကျေးဇူးကို လက်တွေ့ခံစားရနိုင်ပြီး ငွေပိုငွေလျှံများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများသည် တပ်ရင်းတစ်ရင်းလုံးရှိ မိသားစုများအတွက် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးရန်ဖြစ်ကြောင်း။

အမျိုးသမီးစစ်မှုထမ်းများသည် တပ်မတော်၏ ခွန်အားတစ်ရပ်ဖြစ်ပြီး တပ်မတော်၏ နယ်ပယ်အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ဖခင်၊ ညီအစ်ကို၊ မောင်နှမ၊ သားသမီးများအဖြစ် စောင့်ထိန်း၍ စောင့်ရှောက်ကာ တစ်ဖက်မှာလည်း လုပ်ဖော်ကိုင်ဖက်ကောင်းများအဖြစ် လက်တွဲခေါ်ယူကြရန်လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများအနေဖြင့်လည်း ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ မိမိအဖွဲ့အစည်းအပေါ် သိက္ခာကျဆင်းစေသော ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်၍ ခေတ်မလွန်စေရန် သတိပြုရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ ပျက်စီးစေရာဖြစ်သော အကြောင်းတရား (၆)ပါးကို ရှောင်ကြဉ်ကြရန်လိုကြောင်း။

စစ်မှုထမ်းဟောင်းများသည် တပ်မတော်၏ အမာခံအင်အားဖြစ်၍ နီးစပ်ရာအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လိုကြောင်း၊ စစ်မှုထမ်းဟောင်းများ၏ မိသားစုများအထိ ကျန်းမာရေး၊ ပညာရေး စသည်တို့ကို ကူညီစောင့်ရှောက်ပေးရန်လိုကြောင်း၊ ထို့အတူ ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အတွက် အရေးကြုံချိန် နိုင်ငံသားကောင်းတစ်ယောက်ပီသစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြု ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထိုက်သင့်သော အကျိုးခံစားခွင့်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိ၍ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါ ပြည်သူ့စစ်မှုထမ်းများအား ဖခင်စိတ်ဓာတ်၊ ညီအစ်ကိုစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ယူရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် စေတနာထား၍ လုပ်ဆောင်ရန်၊ သစ္စာရှိစွာလုပ်ဆောင်ရန်လိုကြောင်း၊ အခွင့်အရေး၊ ရာထူးမြော်တွေး၍ မလုပ်ဆောင်ကြရန်လိုကြောင်း၊ ထိုသို့ စေတနာ၊ သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် အောင်မြင်သောတပ်မတော်သားကောင်းများဖြစ်အောင် မိမိကိုယ်ကိုမိမိ တည်ဆောက်သွားရန်လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား နှစ်နိုင်ငံဘဏ်လုပ်ငန်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ဒီဂျစ်တယ်ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းတွင် ခေတ်မီအိုင်စီတီနည်းပညာများဖြင့် အဆင့်မြှင့်တင်ရေးအတွက် ဆွေးနွေးပွဲများ ဆောင်ရွက်ရန်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်





# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၈

၂၀၂၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ စံပြကြက်ခြေနီများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လူထုကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများကို ပိုမိုလုပ်ဆောင်ရန်၊ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများကို ခိုင်မာအောင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ဌာနေကိုယ်စားလှယ်တို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၅ ခုနှစ် စံပြကြက်ခြေနီဆုရသူများအားလည်းကောင်း၊ အသက် (၆၅) နှစ်ပြည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ၂၀၂၅-၂၀၂၆ ခုနှစ်




နိုင်ငံတော်က ချီးမြှင့်သော လူမှုထူးချွန်တံဆိပ်ရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားနှင့် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ တက်ရောက်

ပုသိမ် မေ ၈

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ထူးချွန်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများက ဆုများချီးမြှင့်ကြပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြခန်းကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပုသိမ် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် ၂၀၂၆ ခုနှစ် လူရည်



ချွန်စခန်း (ချောင်းသာ၊ ငွေဆောင်) မှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲသို့ တက်ရောက် အမှာစကား ပြောကြားကာ လူရည် ချွန် မောင် မယ် များနှင့် လူရည် ချွန် ကြီး များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စားသုံးသူရေးရာ ကာကွယ်ရေးအသိပညာပေး Talk Show ကျင်းပ

မြစ်သား မေ ၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၆ ရက် မွန်းလွဲ ၂ နာရီက ပြည်သူ့စာကြည့်တိုက်၌ စားသုံးသူရေးရာကာကွယ်ရေး အသိပညာပေး Talk Show ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က စားသုံးသူရေးရာကာကွယ်ရေး အသိပညာပေး Talk Show ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပွဲပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင်စားသုံးသူရေးရာဦးစီးဌာန မြစ်သားမြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မော်မော်အောင်က စားသုံးသူ ကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေး ရှစ်ချက်တွင် ပါဝင်သည့် စားသောက်ဆိုင်များ၌ စားသုံးသူများအား သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ သိရှိခွင့်နှင့်စားသုံးပြီးပါက ပြေစာ(သို့မဟုတ်) အထောက်အထားများကို ရမှာဖြစ်ကြောင်း၊ အစားအသောက်ကိုင်တွယ်ရောင်းချသူများ သတိပြုလိုက်နာရန် အချက်များမှာ သန့်ရှင်းလတ်ဆတ်သော အစားအစာများကို ရောင်းချစေရန်၊ အစားအသောက်ကိုင်တွယ်ပြင်ဆင်သူသည် မိမိ၏တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်နှင့် ရက်လွန်အစားအသောက်များကို ရောင်းချခြင်းမပြုလုပ်ရန် လိုအပ်ကြောင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၈

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအုံက ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက်၏ နှစ်ဆပြည့်မီအောင် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိနားလည်အောင်လေ့လာပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေးကိစ္စရပ်များ၊ စက်သုံးဆီ၊ စားသုံးဆီ ဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဝန်ထမ်းများနှင့် တွေ့ဆုံ



နေပြည်တော် မေ ၈

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိက၊ media ကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကမ္ဘာကသိရှိအောင် ဝိုင်းဝန်းကြိုးစားဖော်ထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တက္ကသိုလ်၏ မှတ်တမ်းရုပ်ရှင်ဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် သရဖီဆောင် အနုပညာခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အနုသုခုမပညာရပ်များကို ထိန်းသိမ်းပြီး မျိုးဆက်သစ်များကို လက်ဆင့်ကမ်းဖြန့်ဝေသင်ကြားပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လူရည်ချွန်မောင်မယ်များ သမိုင်းဝင်ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူဘုရားသို့ သွားရောက်လေ့လာလည်ပတ်

ညောင်ရွှေ မေ ၈

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ရောက်ရှိနေသော Grade-10 လူရည်ချွန်မောင်မယ် ၁၃၂ ဦးသည် ကြီးကြပ်ဆရာ ဆရာမများ၊ လူရည်ချွန်စခန်း တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ သွားရောက်လေ့လာလည်ပတ်ကြသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များသည် အထင်ကရနေရာတစ်ခုဖြစ်သည့် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားကြီးအတွင်း ဝင်ရောက်လေ့လာကာ ဘုရားပရိဝုဏ်ရှိ ဈေးဆိုင်ခန်းများ၌ ဒေသရိုးရာ စားသောက်ကုန်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် သမိုင်းဝင်ပုန်းတလုတ် ရေကန်ကြီးတွင် လည်ပတ်ကြပြီး အထက(၁) ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

စိုင်းအယ်ဘဲ







# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန်များအား တွေ့ဆုံမှာကြား

တောင်ကြီး မေ ၈

လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ကလောခရိုင် ညောင်ရွှေမြို့နယ်ရှိ ဟူပင်ဟိုတယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-10 အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန် မောင်မယ်များနှင့် တွေ့ဆုံ၍ လူငယ်ရေးရာ ကဏ္ဍရပ်များကို ပြောကြားသည်။

တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ၁၉၆၄ - ၁၉၈၈ ခုနှစ် လူရည်ချွန်ဥက္ကဋ္ဌ၊ လူရည်ချွန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူရည်ချွန် မောင်မယ်များနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ စခန်းအသီးသီးသို့ ပြန်လည်ရောက်ရှိသည့်အခါ ဒေသန္တရ ဗဟုသုတများကို လေ့လာမှတ်သား၍ အချင်းချင်း လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဖလှယ်ကြပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်၊ မိမိနေရပ်သို့ ပြန်ရောက်သည့် အခါတွင်လည်း နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ကြမည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# လိုက်နာရမည့် စည်းကမ်းချက်နှင့် လုပ်ဆောင်ရမည့်အချက်များ ရှင်းလင်း

ပုသိမ်ကြီး မေ ၈

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက မြို့နယ်အတွင်းရှိ ကေတီဗွီ လုပ်ငန်းရှင်များအနေဖြင့် လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လုပ်ငန်းရှင်များက မိတ်ဆက်စကားပြောကြားခဲ့ပြီး ပုသိမ်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက လိုက်နာရမည့် စည်းကမ်းချက်များနှင့် လိုက်နာလုပ်ဆောင်ရမည့်အချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ဝင် ဌာနဆိုင်ရာများမှ မီးဘေးလုံခြုံရေးဆိုင်ရာများ၊ လျှပ်စစ်မီးအသုံးပြုခြင်းဆိုင်ရာများ၊ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မည့် အခြေအနေများကို ဌာနအလိုက် အသီးသီးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မေဝတီ(ပုသိမ်ကြီး)

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ကြက်တောင်အသင်းအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေများပေးအပ်

**မန္တလေး မေ ၈**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုကြက်တောင်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် တွေ့ဆုံအားပေးစကားများပြောကြားခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီနှင့် ကြက်တောင်အားကစားပညာရှင်များနှင့် ဝါသနာရှင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုကြက်တောင်အသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ကစားသမားများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

အခမ်းအနား၌ ရှမ်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးက ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်တောင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများကို အားပေးစကားများ ပြောကြားပြီးနောက် ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ကြက်တောင်အသင်းအတွက် တာဝန်ရှိသူထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ငင်းနောက် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ကြက်တောင်ရိုက်အသင်းမှ အုပ်ချုပ်သူက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် ၂၀၂၆ ခုနှစ်၊ မေ ၁၀ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)



# မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအစီအစဉ်ဖြင့် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ကျင်းပ

**မန္တလေး မေ ၈**

၂၀၂၆ ခုနှစ်၊ မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ အိုရီယမ်တယ်ဟောက်စ်ခန်းမတွင် ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် လူမှုရေးရာဝန်ကြီး ဒေါက်တာလှကြွယ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ICRC၊ IFRC တို့မှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊အခြေခံပညာကျောင်းများမှ ကြက်ခြေနီအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ငင်းနောက် လူမှုရေးရာဝန်ကြီးက မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ဂုဏ်ပြုငွေများ၊ ငလျင်တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီးနောက် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ရာထူးခန့်အပ်လွှာနှင့် ရာထူးတံဆိပ်များကို တပ်ဆင်ပေးအပ်ခဲ့သည်။

ငင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ဌာနကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ၂၀၂၅ ခုနှစ်အတွက် စံပြကြက်ခြေနီ ရွေးချယ်ခံရသည့် မန္တလေးတိုင်းဒေသကြီးမှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ရှေးဦးပြုစုခြင်း(သာမန်အဆင့်) သင်တန်းဆင်းအောင်လက်မှတ်များ၊ ရှေးဦးပြုစုခြင်း (အခြေခံအဆင့်) (၂/၂၀၂၆) သင်တန်းဆင်းအောင်လက်မှတ်များ၊ ရှေးဦးပြုစုခြင်း(အခြေခံအဆင့်)(၁/၂၀၂၆)မှ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြကြောင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။ (**မန္တလေးနေ့စဉ်-၄**)




# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) အားကစားနည်းပြစွမ်းဆောင်မှု မြှင့်တင်ရေးသင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၈**

အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) အားကစားနည်းပြစွမ်းဆောင်မှု မြှင့်တင်ရေးသင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြ၊ အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီးနောက် သင်တန်းတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

ငင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းတွင်ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် ပြည်တွင်းလူငယ်မိဿဟာယအဖွဲ့ (Internal Youth Fellowship-IYF) အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)



# ဆုတောင်းပြည့်ရန် နဂါးရုံဘုရားဖူးကြပြန်

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် သာသနာတော်ကြီး ထွန်းထောက်စေရန် သမိုင်းအဆက်ဆက်၊ ခေတ်အဆက်ဆက် မပျောက်မပျက် ရှိနေခဲ့သော အထိမ်းအမှတ် ကျန်ရှိနေသော စေတီ၊ ပုထိုးတို့ကို မှတ်ကျောက်ကမ္ပည်းကျောက်စာများသည်လည်း ယနေ့ထက်ထိတိုင် တွေ့နိုင်ပါသည်။

မြန်မာပြည်မှာ များပြားလှသော ဖြစ်ရပ်၊ဖြစ်စဉ်များ သမိုင်းတွင်စေခဲ့သော ခေတ်အဆက်ဆက် ရာဇဝင်များကို ယခုထက်တိုင် ထင်ရှားပေါ်လွင်ခဲ့သည့် ဆုတောင်းပြည့်နဂါးရုံဘုရား၏ သမိုင်းကို ရေးသားဖော်ထုတ်ပေးချင်ပါသည်။

သမိုင်းအစ တကောင်းကလို့ ဆိုရိုးစကားရှိပေသည်။ (မဟာသက္ကရာဇ် ၅၀)မှ (သာသနာတော်သက္ကရာဇ် ၁၀၀) ဗုဒ္ဓဘုရားရှင် မပွင့်မီကာလ သာကီဝင် မင်းမျိုးမင်းနွယ် အဘိရာဇာသည် သက်သာရွှေတကောင်းပြည်ကို တည်ထောင်၍ အုပ်စိုးခဲ့လေသည်။ သာသနာသက္ကရာဇ် ၄၀ ခန့်တွင် တကောင်းမင်းဆက် ၄၀ မြောက် သတိုးရာဇာမင်းသည် (ဂဠုန်ရ)မင်းပြု၍ ညီတော် ခေပဒူတမင်းသားကို အိမ်ရှေ့အရာ အပ်နှင်း၍ အုပ်စိုးစေခဲ့သည်။ ထိုအချိန်ကာလသည် လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ ကျော် ကာလဖြစ်၍ ကမ္ဘာဦးသတ္တဝါမျိုးဆက် တောဝက်ကြီး၏ အန္တရာယ်ရှိရာ သတိုးရာဇာ(ဂဠုန်ရ)မင်းကြီးသည် အများပြည်သူများကို စိတ်ပူ၍ နောင့်ယှက်အန္တရာယ်မှ ကင်းလွတ်စေရန် အိမ်ရှေ့စံညီတော်ဖြစ်သူ (ခေပဒူတ)အား လက်နက်ငါးပါး၊ စစ်သည်ဗိုလ်ပါများနှင့် တောဝက်ကြီးအား နှိမ်နင်းရန် စေလွှတ်ခဲ့လေသည်။ တောဝက်ကြီးသည် ဘုန်းတန်ခိုးကြီးမားသော အရှင်မင်းအား ရန်မူရန် မပြုဝံ့သဖြင့် တကောင်းပြည်၏ အရှေ့တောင်ဘက်အရပ်ဖြစ်သော မောရှမ်းဒေသ(ခေါ်) မေမြို့ ယခု ပြင်ဦးလွင်သို့ ဝင်ပြေးလေရာ ၎င်းအရပ်ကို ဝက်ဝံဟု ယနေ့ ဝက်ဝံရေတံခွန်တောင်လို့ ခေါ်ယူအမည်တွင်လျက် ရှိလေသည်။

၎င်းအရပ်မှတစ်ဖန် တောဝက်ကြီးသည် အနောက်တောင်အရပ်သို့ ဆက်လက်ပြေးလွှား၍ မှုန်မြတ်သော တောအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့လေသည်။ ထို့နောက် ခေပဒူတမင်းသားနှင့် ရဲမက်အပေါင်းတို့သည် တောဝက်ကြီးအနောက်သို့ လိုက်ရင်း အန္တရာယ်တောရောက်၍ (ယခုတိုင် တောင်ယာလုပ်ကိုင်သူမရှိ)သို့ အရောက်တွင် ရဲမက်စစ်သည် တစ်ဦးအား အဆိပ်ပြင်းထန်သော မြွေတစ်ကောင်၏ ကိုက်ခဲခြင်းကို ခံရလေသည်။ မင်းသားသည် မြွေကိုက်ခံရသော ရဲမက်နှင့်အတူ ပျောက်ကင်းအောင် ကုသနိုင်မည့် ဆေးဆရာရှာဖွေ စုံစမ်းရင်း "မှုန်မြတ်သောတော"သို့ ရောက်ရှိသည်။ (ယခု မုံတော)လို့ ခေါ်တွင်သည်။ ထိုအခါ အိန္ဒြေသိက္ခာတည်ငြိမ်စွာ တရားအားထုတ်ကျင့်ကြံလျက်ရှိသော ရသေ့မြတ်တစ်ပါးကို ဖူးမြော်တွေ့ရှိရလေသည်။ မင်းသားသည် ရသေ့မြတ်အား အဆိပ်ပျောက်ကင်းသော ဆေးဝါးမန္တရားများဖြင့် ကုသ၍ ကယ်ပေးပါရန် လျှောက်ထားလေရာ ရသေ့မြတ်က "ငါ့၌ ဆေးဝါးအထူးမရှိပါ။ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးအထူးထူးတို့၏ တန်ခိုးတော်အားဖြင့်လည်းကောင်း၊ ငါကျင့်ကြံအားထုတ်လျက်ရှိသည့် မြတ်စွာဘုရား၏တရားတော်တန်ခိုးတော်အားဖြင့်လည်းကောင်း၊ ငါ၏ စင်ကြယ်သော သီလကို အဓိဋ္ဌာန်ပြု၍ မေတ္တာဘာဝနာတို့၏ တန်ခိုးအားဖြင့်လည်းကောင်း၊ ငါ့ထံသို့ လာရောက်ဖူးမြော်တရားတော်ကို ယုံကြည်ကိုးစား နာကြားကြကုန်သော နတ်၊ နဂါးတို့၏ စောင့်ရှောက်ကူညီပြုစုခြင်းကြောင့်လည်းကောင်း၊ ဤအရံအတွင်းရှိ နွယ်၊ မြက်၊ သစ်ပင်တို့သည် ဆေးဘက်ဝင်လျက်ရှိကြစေသတည်း။ အန္တရာယ်ကြုံတွေ့ ခံစားရသူတို့သည် သရဏဂုံဆောက်တည်ခြင်း၊ သီလစောင့်ထိန်းခြင်း၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ကြည်ညိုသဒ္ဓါပွားများကာ သစ္စာအဓိဋ္ဌာန်ပြုလျက် ဤအရံအတွင်းရှိ နဂါးပွက်အိုင်မှ ရေဖြင့် နွယ်၊ မြက်၊ သစ်ပင်၊ မြေမှုန့်တို့ကို ရောစပ်၍ ယုံကြည်စွာ သုတ်လိမ်းပါက ဝေဒနာမှ ပျောက်ကင်းချမ်းသာမှုကိုလည်း ရနိုင်ပါသည်"ဟု အမိန့်ရှိလေသည်။

ခေပဒူတမင်းသားသည်လည်း ရှင်တော်ရသေ့ အမိန့်ရှိသည့်အတိုင်း သီလဆောက်တည်ကာ အဓိဋ္ဌာန်ပြုလျက် ရွှေရောင်ကဲ့သို့ အဆင်းရှိသော မြေမှုန်နှင့် နဂါးပွက်အိုင်မှ ရေကို ခပ်ယူရောစပ်၍ မြွေကိုက်သော ဒဏ်ရာကို သုတ်လိမ်းကုသလေရာ တစ်ခဏချင်းဖြင့် အဆိပ်များ လျော့ကျ၍ ရဲမက်မှာ အသက်အန္တရာယ်ဘေးမှ ကင်းလွတ်ခွင့်ရလေသည်။ အိမ်ရှေ့မင်းသား ခေပဒူတသည် လွန်စွာမှ အံ့သြဝမ်းမြောက်လျက်ရှိသည်။ မြတ်စွာဘုရား၏ ဂုဏ်တော်၊ တန်ခိုးတော်တို့၏ ကျေးဇူးကားကြီးမားလှသည်တကား၊ သက်မဲ့ဖြစ်သော နွယ်၊ မြက်၊ သစ်ပင်၊ ရေစင်တို့ပင် အနန္တအရှင်၏ ဂုဏ်တော်ကြောင့် ဆေးဖက်ဝင်လျက် အသက်ရှင်ခြင်းငှာ ဖြစ်ပေါ်လာ၏။ ဤကဲ့သို့ မှုန်မြတ်သော ဌာနေဖြစ်သည့် ဤတောကို(မှုန်တော)ဟု တွင်စေသတည်းဟု ကမ္ပည်းတင်သမိုင်းတွင်လေသည်။ ခေတ်တွေ ပြောင်းလဲလာမှုအပေါ် (မှုန်တောမှ မုံတော)ဟု ခေါ်တွင်ခဲ့လေသည်။ ရသေ့မြတ်သည် ဤမှုန်မြတ်သော နေရာဒေသ၏ အံ့ဖွယ်ထူးခြားချက်များကို မင်းသားအား ပြောပြရာတွင် -

(၁) ဒုဋ္ဌဝတီမြစ်သည် ဤတောကို စီးဆင်းပတ်ဝိုက်ကာ စီးဆင်းနေခြင်း။

(၂) ရန်များ ကင်းငြိမ်းရာ နတ်နယ်မြေဖြစ်ခြင်း။

(၃) နဂါးပွက်အိုင်သို့ လာရောက်သောက်သုံးကြကုန်သော သားရဲတိရစ္ဆာန်တို့သည် တစ်ကောင်နှင့်တစ်ကောင် ရန်တုန့်မမူ ကြည်ဖြူစွာ ဆော့ကစားခြင်း။

(၄) အဆိပ်ဝေဒနာဟူသမျှ နွယ်၊ မြက်၊ သစ်ပင်တို့ကို လိမ်းကာ ဝေဒနာပျောက်ကင်းစေခြင်း။

(၅) ဝေးလံသော ဒေသမှ ခရီးပန်းစွာ လာရောက်ရသော်လည်း ဤကျောင်းဝင်းအတွင်း ရောက်လျှင် ကြည်လင်ချမ်းမြေ့စိတ်ဖြင့် ကိုယ်စိတ်နှစ်ဖြာချမ်းသာစေခြင်း စသည်တို့ကို မိန့်မြွက်လေရာ ခေပဒူတမင်းသားသည် အံ့ဖွယ်ဘနန်း ဤဖြစ်ရပ်ဆန်းများကို ကိုယ်တိုင်ကြုံတွေ့ ယုံကြည်စိတ်ဖြင့် သူတော်စင်ရသေ့မြတ်၏ ဆုံးမမှုအောက် အဓိဋ္ဌာန်မြောက်စေရန် ဥပုသ်သီလဆောက်တည်ကာ နေလေသည်။

ထိုသို့ တရားရိပ်အောက် ရောက်နေသည့်အချိန် တကောင်းပြည်မှ တပ်သားတစ်ဦး ရောက်ရှိလာပြီး နောင်တော်မင်းကြီး နာမကျန်းဖြစ်နေသည့် သတင်းကို ကြားသိရပြီး နေပြည်တော်သို့ အမြန်ပြန်ရန် စီစဉ်ခဲ့လေသည်။

ခေပဒူတမင်းသားသည် အိမ်ရှေ့စံမင်းဖြစ်သော်လည်း စိတ်ထဲတွင် ကြည်ဖြူရသည့် ကြင်ဖော်ကြင်ဖက် မရှိခဲ့သူဖြစ်လေရာ ကြင်သူသက်ထား မိဖုရားအရာတွင် စိတ်တူသဘောဖြူ မနောတူသူကိုသာ ရလို၍ မျက်နှာမကြည်အတွေးပိုလို့ စိတ်ငြိုငြင်လျက်ရှိသည်။ ရှင်တော်ရသေ့အား ဖြစ်သမျှအကြောင်းစုံကို တင်ပြလျှောက်ထားလေသည်။

ရသေ့မြတ်သည် အိမ်ရှေ့မင်းသား၏ ဘုန်းသမ္ဘာကံအကျိုးတို့ကို ဆင်ခြင်မိ၍ ဤအရေးကို စိတ်မပူရန် မိန့်ကြားခဲ့ပြီး ရက်ကောင်းရက်မြတ် နက္ခတ်တိုက်ချိန်တွင် နဂါးပွက်အိုင်အလယ် နတ်နဂါးတို့၏ စောင့်ရှောက်ခြင်းဖြင့် ခေပဒူတမင်းသား၏ ဦးခေါင်းထက် လက်တော်တင်လျက် မိမိ၏ ကျင့်ကြံအားထုတ်မှု စွမ်းအား သီလ၊ သမာဓိတို့၏ အစွမ်းကို အဓိဋ္ဌာန်ပြုလျက် မင်းသားနှင့် ကြည်ဖြူသဘောတူ ပျော်မွေ့နိုင်မည့် ရုပ်တုကိုယ်ပွားကြင်ဖက်သက်ထား မိဖုရားကို သမထအားဖြင့် မင်းသား၏ ဘယ်ဘက်တွင် ဖန်ဆင်းပေးခဲ့လေရာ မင်းသားသည် လွန်စွာအံ့သြ၍ ဝမ်းသာမိခဲ့လေသည်။ မှုန်မြတ်သော နေရာတစ်ခုဖြစ်သည့် နဂါးပွက်အိုင်၌ တောဝက်ကြီး၏ ရန်ကို အေးငြိမ်းနိုင်ခဲ့ခြင်း၊ မြွေဆိပ်သင့်ခဲ့သော မိမိ၏ ကိုယ်ရံတော်ရဲမက်အား မြွေဆိပ်မှ ပျောက်ကင်းစေ၍ အသက်ချမ်းသာရခဲ့ခြင်း၊ မိတ်ကောင်းဆွေကောင်းရရှိခြင်း၊ ကြင်ဖက်သက်လျာ ရရှိခြင်း၊ သူတော်စင် သူတော်မြတ်တို့ တရားအားထုတ်ရာ နေရာဖြစ်ခြင်း စသည့် နေရာဖြစ်သည့်အလျောက် မြတ်စွာဘုရား၏ တရားဂုဏ်တော်အကျိုးဆက်ကို မျှော်ကိုးရင်း နောင်လာနောက်သားများအတွက် ငြိမ်းအေးရာ ဤနေရာတွင် စေတီငယ်တစ်ဆူ တည်တော်မူခဲ့လေသည်။

သာသနာ သက္ကရာဇ် ၄၀ ပြည့်နှစ်အချိန် လူအများသည် လောဘ၊ ဒေါသ၊ မောဟ နည်းပါး၍ ဗြဟ္မစိုရ်တရားနှင့် ကိုက်ညီစွာ နေထိုင်ကြသည်။ သစ္စာအဓိဋ္ဌာန်တို့လည်း အောင်မြင်ပွင့်လန်း ထွန်းသစ်လာသော ကာလဖြစ်သည်ဟု သိမှတ်ခဲ့ဖူးပါသည်။ ရသေ့မြတ်နှင့် မင်းသားတို့သည် ခုနစ်ရက်၊ ခုနစ်လီ သီလဆောက်တည်ကာ မေတ္တာဘာဝနာများ ပွားများလျက် သတ္တဝါများ ချမ်းသာစေကြောင်း အဓိဋ္ဌာန်ပြုကာ နဂါးပွက်အိုင်ကို ကန်ပေါင်များ တည်ဆောက်ကာ ဘုရားအောင်စေတီကို အပြီးတည်ထားခဲ့သည်။ အများသတ္တဝါများ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ရည်ရွယ်ခဲ့လေသည်။ ထိုစေတီအား အခွန့်ရှည်ပြီး သာသနာရောင်ဝါထွန်းလင်းဖြာစေရန် နတ်နဂါးအပေါင်းတို့အား အစောင့်အရံအဖြစ် သစ္စာပြု ထားရှိခဲ့လေသည်။ သို့ဖြစ်၍ ထိုစေတီအား နဂါးရုံဘုရားဟု ခေါ်တွင်ခဲ့လေသည်။ ခေပဒူတမင်းသားအား နဂါးရုံဘုရား တည်စဉ်ကာလသည် သာသနာသက္ကရာဇ် ၄၀ ပြည့်နှစ်ကျော်ခန့်က ဖြစ်သည်။ ၁၅၈၈ ခုနှစ် သာသနာသက္ကရာဇ် ပုဂံအနော်ရထာမင်း၏ မိဖုရား ရှင်မွန်လှမှ ဤနဂါးရုံဘုရားသို့ မွေအံဓာတ်တော်ဘုရားတစ်ဆူ လှူဒါန်းခဲ့ပေသည်။ ၎င်းအမွေအံဓာတ်တော်ဘုရားမှာ မန္တလေးမြို့၊ ရွှေကျီးမြင်ဘုရားပြတိုက်တွင် ယခုတိုင် ကြည်ညိုသဒ္ဓါပွားဖူးမြော်နိုင်ပါသည်။

ထို့နောက် သာသနာ သက္ကရာဇ် ၁၆၅၆ ခုနှစ် ပုဂံသက္ကရာဇ် ယခု ၄၇၄ ခုနှစ် ပေါက္ကံပြည်၌ စိုးစံတော်မူသော အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်တော်မူရာ ဒုဋ္ဌဝတီမြစ်တောင်ဘက်ကမ်းတွင် ဖောင်စကြာဆိုက်ကပ်၍ ဖောင်တော်ဦးဘုရားတည်တော်မူစဉ် မင်းတိုင်ပင်ခံအမတ်ပညာရှိတစ်ဦး မြွေကိုက်ခံရကာ ဆေးကုသပေးနိုင်မည့် ဆရာအား ရှာဖွေစုံစမ်းစေလေရာ ထိုအရပ်ရှိ လူအများမှ ဤအရပ်တွင် မြွေဆေးကုသသည့် ဆရာမရှိ။ ဒုဋ္ဌဝတီမြစ်အနောက်ဘက် မှုန်တောရပ်တွင် တန်ခိုးကြီးမားသော ဆုတောင်းပြည့်နဂါးရုံဘုရားတစ်ဆူ ရှိသည်။ ၎င်းဘုရားအား အာရုံပြုအဓိဋ္ဌာန်၍ ထိုအရပ်မှ မြက်၊ သစ်ပင်၊ မြေစေးတို့ကို သုတ်လိမ်းကာ ပျောက်ကင်းနိုင်ကြောင်း လျှောက်တင်လေသည်။ ထိုသို့လျှောက်ထားပြောကြားသည့်အတိုင်း ဝေဒနာရှင်အား ဘုရားရှေ့တွင်ထား၍ ငါးပါးသီလ အဓိဋ္ဌာန်ပြုဆောက်တည်စေကာ ဘုရားအာရာမ်အတွင်းမှ မြက်၊သစ်ပင်တို့ကို သွေး၍ သုတ်လိမ်းလျက် ချက်ချင်းဆိုသလို ဝေဒနာမှ ပျောက်ကင်း၍ အသက်ချမ်းသာခြင်းကို အံ့သြဝမ်းမြောက်စွာ ရရှိလေသည်။

အလောင်းစည်သူမင်းကြီးသည် လွန်စွာအံ့သြဝမ်းမြောက်လျက်ရှိရာ ထိုစေတီတော်အား သမိုင်းကို စုံစမ်းလေ့လာရင်း တကောင်းမင်းဆက် သာကီဝင်အနွယ်ဝင် ခေပဒူတမင်းသားနှင့် ရသေ့မြတ်တို့ တည်ထားကိုးကွယ်ခဲ့သည့်အကြောင်း သိရှိရလေသည်။ မပျက်ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့စေရန် အလို့ငှာ ထူးခြားသော ကုသိုလ်ပြုအံ့ဟု စေတီတော်ကို ငုံ၍ ဉာဏ်တော် ၂၇ တောင်ရှိ စေတီကို ထပ်မံတည်ထားခဲ့ပြီး တံတိုင်း၊ အရံအတားနှင့်တကွ တိုးချဲ့ပြုပြင်ကာ သမိုင်းသစ် တွင်ရစ်လေသည်။

အလောင်းစည်သူမင်းကြီးသည် ပြုပြင်ပြီးစီးသော ဆုတောင်းပြည့်နဂါးရုံဘုရားတွင် အဓိဋ္ဌာန်ပြုသီလဆောက်တည်ကာ အဆိပ်သင့်ဝေဒနာရှင်များ ဤဘုရားပရဝဏ်အတွင်းသို့ ရောက်ရှိလာပြီး သီလဆောက်တည် အဓိဋ္ဌာန်ပြုကာ မြေမှုန့်၊ သစ်ပင်၊ သစ်မြစ်၊ သစ်ရွက်တို့ဖြင့် သုတ်လိမ်းပေးပါက အဆိပ်သင့်ဝေဒနာမှ ပျောက်ကင်းချမ်းသာခြင်းသို့ ရောက်ပါစေကြောင်း ကိုးပါးသော အံ့ဖွယ်နှင့် ဗုဒ္ဓဘာသာ သာသနာ ကမ္ဘာတည်သရွေ့ ထွန်းကားစေကြောင်း သစ္စာပြုခဲ့လေသည်။

(၁) ဆုတောင်းပြည့်နဂါးရုံဘုရားအတွင်းရှိ နွယ်မြက်သစ်ပင်၊ မြေမှုန့်၊ မြေစေးတို့သည် လိုအပ်လျှင် ဆေးအဖြစ် အသုံးဝင်ခြင်း။

(၂) ဆုတောင်းပြည့်နဂါးရုံဘုရားအတွင်း ဆက်ကပ်ပူဇော်ထားသော ပန်းမာလာတို့ကို အရေးပေါ် ဝေဒနာပေါ်ပေါက်ပါက အဓိဋ္ဌာန်ပြုတောင်းယူကာ ပျောက်ကင်းအောင် ကုသနိုင်ပါသည်။

(၃) ဆုတောင်းပြည့်နဂါးရုံဘုရားနယ်မြေသည် အရံတံတိုင်းတွင် သတ္တဝါတို့အတွက် ငြိမ်းချမ်းနယ်မြေဖြစ်ခြင်း။

(၄) အဆိပ်ဝေဒနာဟူသမျှအား နိုင်နင်းတော်မူခြင်း။

(၅) နတ်၊ နဂါးတို့ ဘုရားကို အမြဲမပြတ်စောင့်ကြပ်ခြင်း။

(၆) နေ့ထူး၊ နေ့မြတ်၊ အခါကြီး၊ ရက်ကြီးများတွင် ဆုတောင်းပြည့်နဂါးရုံဘုရားမှ နဂါးပွက်သံများ ကြားရခြင်း။

(၇)နဂါးပွက်လိုဏ်ဂူတော် တမံတလင်းမှ ရေထွက်ခြင်း။

(၈) မည်သည့်အကြောင်းကိစ္စမဆို အဓိဋ္ဌာန်ပြုဆောင်ရွက်က အောင်မြင်နိုင်ခြင်း။

(၉) အန္တရာယ်လုံသည့် ဆုတောင်းပြည့်နဂါးရုံဘုရား၊ ကံထူးလိုသူများအတွက် နဂါးပွက်လိုဏ်ဂူတော်သို့ သွားရောက်ဆုတောင်းပါက အရာအားလုံး အပြည့်အဝရခြင်း စသည့် အံ့ဖွယ်ကိုးပါးတို့သည် ဆုတောင်းပြည့်နဂါးရုံဘုရား၏ ထူးခြားချက်ပင်ဖြစ်သည်။

နှစ်ပေါင်းရှည်ကြာ သမိုင်းအစဉ်အလာကြီးခဲ့သော ဆုတောင်းပြည့်နဂါးရုံဘုရားသည် မြို့ပြနှင့်ဝေးကွာသည်နှင့်အမျှ ကာလရှည်ကြာတည်ထားခဲ့သည့်ကြောင့် ဟောင်းနွမ်းယိုယွင်းမှုများ ရှိလာခဲ့ရာ သာသနာတော် အဆက်မပြတ်ရလေအောင် ၁၂၈၂ ခုနှစ်၊ မုံတောရွာမှ ဂေါပကဖွဲ့က အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော စေတီငယ် ငုံ၍ အရန်စေတီတော်တို့မှ ဓာတ်တော်အစုံစုံတို့ကို စုပေါင်းဌာပနာပြီး ဆုတောင်းပြည့်နဂါးရုံဓာတ်ပေါင်းစေတီကို အုတ်ပေါင်းများစွာဖြင့် ထပ်မံပြုပြင်ခဲ့လေသည်။

၁၃၅၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကံမလို့ထူးနဂါးပွက်လိုဏ်ဂူတော်ကို သာသနာစောင့်ပုဂ္ဂိုလ်များမှ အမိန့်ချကာ သာသနာပြုနိုင်းပါသည်။ တိမ်မြုပ်ပျောက်ကွယ်နေသော ကံမလိုထူးနဂါးပွက်လိုဏ်ဂူအတွင်းရှိသော ရှေးသမိုင်းဝင်ရုပ်ပွားတော်မှ တန်ခိုးတော်၊ ဓာတ်တော်တွေ ကွန့်မြူးကာ အကျိုးဆောင်ဂေါပကများ ခွင့်ပြုချက်အကူအညီဖြင့် သာသနာ့အလင်းထွန်းပအောင် တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓနွယ်ဝင်သူတော်စင်တို့ ဖူးမြော်ကြည်ညိုသဒ္ဓါပွားကြရန် ကံမလိုထူးနဂါးပွက်လိုဏ်ဂူတော်ကြီးကို အဓိဋ္ဌာန်ပါရမီဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

သမိုင်းခေတ်ဟောင်း ဘုရားအပေါင်း ထိန်းသိမ်းပြုပြင် သာသနာတော်ကို အရောင်တင်ရန် တာဝန်ရှိလေပြီ … ။

ဟန်ကိုဇင်(အမရပူရ)

## ဘူဒါပက်စ်မြို့တော်ရှိ ပါလီမန်အဆောက်အအုံ၌ ဝန်ကြီးချုပ်သစ် ပီတာမာဂျာ ကျမ်းသစ္စာဆိုမည်




**ဘူဒါပက်စ် မေ ၈**

ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တော်ရှိ ခမ်းနားထည်ဝါသော နီယိုဂေါ်သစ် ဗိသုကာလက်ရာ ပါလီမန်အဆောက်အအုံ၌ မေ ၉ ရက်တွင် ဝန်ကြီးချုပ်သစ် ပီတာမာဂျာ၏ ရာထူးသက်ဝင်ကျမ်းသစ္စာဆိုပွဲကျင်းပမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဗစ်တာအော်ဘန်၏ ၁၆ နှစ်ကြာ အုပ်ချုပ်မှုအဆုံးသတ်ခြင်းကို ဆင်နွှဲရန်အတွက် ပါလီမန်အပြင်ဘက်ရှိ ရင်ပြင်၌ လူပေါင်းထောင်ချီ၍ စုဝေးကြလိမ့်မည်ဟု မျှော်လင့်ရသည်။

ယခင်လက ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ မာဂျာ၏ လက်ယာအလယ်အလတ်ဝါဒီတစ်ဇာပါတီက အော်ဘန်၏ အမျိုးသားရေးဝါဒီ ဖီဒက်ဇ်ပါတီကို အပြတ်အသတ် အနိုင်ရရှိခဲ့သည်။

ယင်းအောင်ပွဲသည် ဟန်ဂေရီနိုင်ငံ၏ ကွန်မြူနစ်စနစ်လွန်သမိုင်းတစ်လျှောက်တွင် အခြားမည်သည့်ပါတီထက်မဆို ပိုမိုများပြားသော မဲအရေအတွက်နှင့် လွှတ်တော်အမတ်နေရာများကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ပေကျင်းအခြေစိုက် ကိုဒီယန်ကွက် ဂြိုဟ်တုအော်ပရေတာကုမ္ပဏီ အာကာသအခြေပြု အင်တာနက်နည်းပညာ ဝန်ဆောင်မှုပေးမည်

**ပေကျင်း မေ ၈**

တရုတ်နိုင်ငံ ပေကျင်းအခြေစိုက် ဂြိုဟ်တုအော်ပရေတာတစ်ခုဖြစ်သည့် ကိုဒီယန်ကွက်သည် အာကာသအခြေပြု အင်တာနက်နည်းပညာ ဝန်ဆောင်မှုများကို စီးပွားဖြစ် စမ်းသပ်လုပ်ဆောင်ရန် အစိုးရ၏ ခွင့်ပြုချက်ရရှိသည့် ပထမဆုံး တရုတ်ပုဂ္ဂလိကကုမ္ပဏီဖြစ်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းကုမ္ပဏီသည် ဂြိုဟ်တုအခြေပြု စီးပွားရေးလုပ်ငန်းများအတွက် နှစ်နှစ်ကြာ စီးပွားဖြစ်စမ်းသပ်ခွင့်လိုင်စင်ကို စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနထံမှ မကြာသေးမီကရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဂြိုဟ်တုဆက်သွယ်ရေးကဏ္ဍတွင် အခြေခံဆက်သွယ်ရေးဆိုင်ရာ လုပ်ကိုင်ခွင့်များကို နိုင်ငံပိုင်လုပ်ငန်းကြီးများကသာ ကာလရှည်ကြာစွာ ရရှိထားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပုဂ္ဂလိကကုမ္ပဏီအများစုမှာ ဂြိုဟ်တုထုတ်လုပ်ရေး၊ လွှတ်တင်ရေးဝန်ဆောင်မှုနှင့် အသုံးပြုမှုကဏ္ဍများတွင်သာ ကန့်သတ်လုပ်ကိုင်နေရပြီး ကွန်ရက်လည်ပတ်ခြင်းနှင့် ကြိမ်နှုန်းအရင်းအမြစ်အသုံးချခြင်းကဲ့သို့သော အဓိကနယ်ပယ်များသို့ ဝင်ရောက်ခွင့် အကန့်အသတ်ရှိခဲ့ကြောင်း သိရသည်။ **Mon**



## ဘန်ကောက်တွင် ခရမ်းရောင်ရထားလမ်းပိုင်း တိုးချဲ့တည်ဆောက် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်လျက်ရှိ

**ဘန်ကောက် မေ ၈**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၏ ခရမ်းရောင်ရထားလမ်းပိုင်း တောင်ဘက်ပိုင်းတိုးချဲ့တည်ဆောက်မှုလုပ်ငန်းများမှာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်လျက်ရှိသည်ဟု ထိုင်းနိုင်ငံ မြန်နှုန်းမြင့်သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တစ်ချိန်တည်းမှာပင် ချင်းမိုင်၊ ဖူးခက်နှင့် နခွန်ရက်ချာစီမာမြို့များရှိ မြေအောက်ရထားစနစ်များအတွက် စီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

တောင်ပွန်မှ ရက်ဘူရန်နာအထိ ပြေးဆွဲမည့် ခရမ်းရောင်ရထားလမ်းပိုင်း တောင်ဘက်တိုးချဲ့မှု တည်ဆောက်ရေးလုပ်ငန်းများသည် ယခုအခါ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဟု ဆိုသည်။

အဆိုပါ ၂၃ ဒသမ ၆ ကီလိုမီတာရှည်လျားသော လမ်းပိုင်းကို လာမည့်နှစ် အောက်တိုဘာတွင် အပြီးသတ်တည်ဆောက်ရန် မျှော်မှန်းထားပြီး ပြေးဆွဲမှုများကို ၂၀၃၀ ပြည့်နှစ်တွင် စတင်ရန် လျာထားကြောင်း သိရသည်။ **Mon**

ဝ-ဝ-ဝ-ဝ-ဝ

## ရာသီဥတုပြောင်းလဲမှုနှင့် အစာကွင်းဆက်အပြောင်းအလဲများက အန္တာတိက ပင်ဂွင်းများကို ဆက်လက်ခြိမ်းခြောက်နေသည်ဟု ဆို

**ပေကျင်း မေ ၈**

အန္တာတိကတိုက်ရှိ ပင်ဂွင်းများ၏ ရှင်သန်ရပ်တည်မှုနှင့် မျိုးပွားမှုဖြစ်စဉ်ကို ရာသီဥတုပြောင်းလဲမှုနှင့် အစာကွင်းဆက်အပြောင်းအလဲများက ဆက်လက်ခြိမ်းခြောက်နေသည်ဟု တရုတ်ပညာရှင်တစ်ဦးက သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပင်လယ်ရေခဲပြင်များ ပြုန်းတီးလာခြင်းသည် သားပေါက်များ ပြုစုပျိုးထောင်ရန် တည်ငြိမ်သော ရေခဲပြင်များကို မှီခိုရသည့် အင်ပရော့ပင်ဂွင်းများအတွက် မျိုးပွားမှုဆိုင်ရာဖိအားများကို ဖြစ်ပေါ်စေသည်ဟု ဆန်းယက်ဆင်တက္ကသိုလ်၊ ပထဝီမြေတိုင်းတာရေးဆိုင်ရာ အင်ဂျင်နီယာနှင့် သိပ္ပံပညာဌာနမှ တွဲဖက်ပါမောက္ခ လျန်ချီက ပြောကြားသည်။

ထို့ပြင် သမုဒ္ဒရာအပူချိန်မြင့်တက်လာသည်နှင့်အမျှ ပင်ဂွင်းတို့၏ အဓိကအစာဖြစ်သော အန္တာတိကခရိကောင်များ မြောက်ဘက်လတ္တီတွဒ်မြင့်ရာဒေသများသို့ ရွှေ့ပြောင်းသွားကြရာ ပင်ဂွင်းများအတွက် အစာရှာဖွေရသည့် အကွာအဝေးကို ပိုမိုဝေးကွာစေပြီး မျိုးပွားရာသီအတွင်း စွမ်းအင်သုံးစွဲမှု ပိုမိုများပြားစေလျက်ရှိကြောင်း သိရသည်။ **Mon**



## STOP AIDS

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## နိုင်ဂျီးရီးယားအလယ်ပိုင်း၌ ပြန်ပေးဆွဲခံရသော ကျောင်းသားများကို ရဲတပ်ဖွဲ့ ကယ်ဆယ်

**အဘူဂျာ မေ ၈**

နိုင်ဂျီးရီးယားအလယ်ပိုင်းဒေသ နာဆာရာဝါပြည်နယ် တက္ကသိုလ်တစ်ခု၏ ကျောင်းသားအဆောင်တစ်ခုကို လက်နက်ကိုင်လူတစ်စုက ဝင်ရောက်တိုက်ခိုက်ကာ ကျောင်းသားခြောက်ဦးကို ပြန်ပေးဆွဲခဲ့ပြီးနောက် နိုင်ဂျီးရီးယား ရဲတပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများကို ယမန်နေ့က စတင်လုပ်ဆောင်ခဲ့သည်။

သေနတ်သမားများသည် အာ့ခ်ဝမ်ဂါဒေသ အုပ်ချုပ်ရေးနယ်မြေ ဂူဒီမြို့ရှိ ကျောင်းပြင်ပ အဆောင်တစ်ခုကို မေ ၆ ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း နာဆာရာဝါရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရာမန်နန်ဆယ်က ပြောသည်။

ပြန်ပေးဆွဲခံရသူများမှာ အင်ဂျင်နီယာ ကျောင်းသားများဖြစ်ပြီး ၎င်းတို့ကို အသင့်စောင့်ဆိုင်းနေသော ကားဖြင့် အတင်းအကျပ်ခေါ်ဆောင်သွားခဲ့သည်။ မည်သည့်နေရာသို့ ခေါ်ဆောင်သွားကြောင်းကိုမူ မသိရသေးချေ။ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့သည် ပြန်ပေးဆွဲသမားများကို ခြေရာခံနိုင်ပြီး ကျောင်းသားများကို ကယ်ထုတ်နိုင်ရန် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကာ ပြစ်မှုကျူးလွန်သူ ပြန်ပေးဆွဲသမားများကို အမြန်ဆုံးဖမ်းဆီး၍ ဥပဒေအရ အရေးယူသွားမည်ဟု နန်ဆယ်က ပြောသည်။ **ဆင်ဟွာ**

## သုတေသနပြုမှုများအရ နယူးဇီလန်နိုင်ငံ၌ အစာအိမ်ကင်ဆာ ဖြစ်ပွားမှု သိသိသာသာမြင့်တက်လာနိုင်

**ဝယ်လင်တန် မေ ၈**

နယူးဇီလန်နိုင်ငံ၌ ၂၀၄၅ ခုနှစ်သို့ရောက်ရှိပါက အစာအိမ်ကင်ဆာဖြစ်ပွားမှုမှာ ၅၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ခြေရှိပြီး မော်ရီလူမျိုးများနှင့် ပစိဖိတ်ဒေသခံများမှာ ပိုမိုထိခိုက်နိုင်ခြေရှိကြောင်း မေ ၈ ရက်တွင် ထုတ်ပြန်သည့် သုတေသနအသစ်အရ သိရသည်။

အဆိုပါလေ့လာမှုကို နယူးဇီလန်ကျန်းမာရေးနှင့် အော့ကလန်တက္ကသိုလ်တို့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်အစာအိမ်ကင်ဆာဖြစ်ပွားမှုအရေအတွက်သည် ၂၀၂၂ ခုနှစ်ဝန်းကျင်တွင် ခန့်မှန်းခြေအားဖြင့် ၄၉၂ ခုမှ ၂၀၅၀ ပြည့်နှစ်ဝန်းကျင်၌ ၇၂၅ ခုအထိ တိုးမြင့်လာနိုင်မည်ဟု ခန့်မှန်းထားသည်။

အသက် ၇၅ နှစ်နှင့်အထက် လူများတွင် အစာအိမ်ကင်ဆာဖြစ်ပွားမှုမှာ နှစ်ဆတိုးလာနိုင်ပြီး ကျန်းမာရေးဝန်ဆောင်မှုများအပေါ် နောက်ထပ်ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်သည်ဟု နယူးဇီလန် ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။ မော်ရီလူမျိုးများနှင့် ပစိဖိတ်ဒေသခံများမှာ အစာအိမ်ကင်ဆာဖြစ်ပွားမှုနှုန်း မြင့်မားသည့်အခြေအနေရှိပြီး လာမည့်ကာလအတွင်း လူနာအရေအတွက် နှစ်ဆမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ မော်ရီလူမျိုးများကြား၌ အစာအိမ်ကင်ဆာသည် သေဆုံးမှုအမြင့်ဆုံး ကင်ဆာ ၁၀ မျိုးတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်ကင်ဆာဖြစ်ပွားမှုများကို Helicobacter pylori ပိုးစစ်ခြင်းနှင့် ကုသခြင်းအစီအစဉ်များမှတစ်ဆင့် ကာကွယ်နိုင်ကြောင်း လေ့လာမှုအရဖော်ပြလျက်ရှိသည်။ **ဆင်ဟွာ**

## ဟန်တာဗိုင်းရပ်စ် ထပ်မံပြန့်ပွားမှုကို တားဆီးရန် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးက ကြိုးပမ်းလျက်ရှိ

**အမ်စတာဒမ် မေ ၈**

အပျော်စီး သင်္ဘောတစ်စင်းပေါ်တွင် ဟန်တာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု ဖြစ်ပွားပြီးနောက် ဗိုင်းရပ်စ်ပိုးကို မတွေ့ရှိမီ သင်္ဘောပေါ်မှ ဆင်းသက်သွားသူများနှင့် ၎င်းတို့နှင့် နီးကပ်စွာ ထိတွေ့ခဲ့သူများကို လိုက်လံရှာဖွေခြင်းဖြင့် ဗိုင်းရပ်စ် ထပ်မံပြန့်ပွားမှုကို တားဆီးရန် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးက ကြိုးပမ်းလျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမ်ဗွီ ဟွန်ဒီးယပ်စ် အမည်ရှိ သင်္ဘောပေါ်တွင် ဖြစ်ပွားခဲ့သော အဆိုပါ ကူးစက်မှုအတွင်း နယ်သာလန် ဇနီးမောင်နှံနှစ်ဦးနှင့် ဂျာမနီနိုင်ငံသား တစ်ဦးတို့ သေဆုံးခဲ့သည်။

စုစုပေါင်း လူငါးဦးတွင် ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရကြောင်း အတည်ပြုထားပြီး အခြားသံသယလူနာသုံးဦး ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဟန်တာဗိုင်းရပ်စ်သည် ပုံမှန်အားဖြင့် ကြွက်ကဲ့သို့သောကိုက်တတ်သောသတ္တဝါများမှတစ်ဆင့် ပြန့်ပွားလေ့ရှိသော်လည်း ဖြစ်ခဲသည့် အခြေအနေများတွင် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်ကြောင်း သိရသည်။ **Mon**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေး၊ အသိပညာပေးခြင်းများဆောင်ရွက်



**မန္တလေး မေ ၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဥပုသ်တော်ရပ်ကွက်ရှိ မိဘဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ စစ်ဆေးခြင်း အကြံပြုအသိပညာပေးခြင်းများအား မေ ၇ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ စစ်ဆေးခြင်း၊ အကြံပြုအသိပညာပေးခြင်းများအား အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇော်ကိုကိုပိုင်နှင့်တပ်ဖွဲ့ဝင်များ၊ မိဘဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မီးသတ်ရေလှောင်ကန်နှင့် မီးသတ်ဆေးဘူးများထားရှိမှုအပြင် ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ဆောင်ရွက်ထားရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၅၇)



## ခရီးသည်တင်ယာဉ်များ သတ်မှတ်မိုင်နှုန်းမောင်းနှင်ရန် အသိပေး၊ မီးသတ်ဆေးဘူးပါရှိမှု ရှိ၊ မရှိ စစ်ဆေး

**မန္တလေး မေ ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်စိုးလွင် ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မေ ၇ ရက် နံနက်ပိုင်းက မန္တလေး-မုံရွာလမ်း စစ်ကိုင်းမြို့ ရွှေမောဋ္ဌောဘုရားရှေ့တွင် မန္တလေး-မုံရွာလမ်းပေါ် ဖြတ်သန်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်မောင်းများအား အရက်သေစာ သောက်စားထားခြင်းရှိ၊ မရှိစစ်ဆေးခြင်း မီးသတ်ဆေးဘူးများပါရှိမှု ရှိ၊ မရှိ စစ်ဆေးခြင်းသတ်မှတ်မိုင်နှုန်း မောင်းနှင်ရန် အသိပေးပြောကြားခြင်းနှင့် ယာဉ်ပေါ်ပါခရီးသည်များ ခါးပတ်ပတ်ထားခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပြောကြား၍ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီး ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၈**

ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ မေ ၅ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၅ရက် မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ မြို့ဝင်၊ ထွက် စစ်ဆေးရေးဂိတ်၌ ပူတာအိုမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြစ်ကြီးနားမြို့မှ ပူတာအိုမြို့ဘက်သို့ ဝိုင်းမော်မြို့နယ်၊ အမှတ်(၃) ရပ်ကွက်နေ ဇီဖားဂွါ(၃၆)နှစ် မောင်းနှင်လာသော TOYOTA ALPHARD မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇီဖားဂွါဆိုသူအား ပူတာအိုမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြို့ဝင်၊ ထွက် စစ်ဆေးရေးဂိတ်၌ မကွေးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မကွေးမြို့နယ်၊ ကံပြားကျေးရွာမှ မကွေးမြို့ဘက်သို့ ရေနံချောင်းမြို့နယ်၊ ဘေးမဲ့ရပ်ကွက်နေ သန်းလွင်(၄၈)နှစ် မောင်းနှင်လာသည့် TOYOTA ALPHA -RD မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သန်းလွင်ဆိုသူအား မကွေးနယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

ထို့အတူ ည ၈ နာရီ ၅မိနစ်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊သထုံ-ဘားအံကားလမ်းမကြီးပေါ်၌ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သုဝဏ္ဏဝတီမြို့သစ်မှ သထုံမြို့ဘက်သို့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကြီးကန်ကျေးရွာနေ ကျော်လင်း(၂၉)နှစ်ဆိုသူ မောင်းနှင်လာသည့် DAIHA TSUHIJET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျော်လင်းဆိုသူအား သထုံမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေလည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)






## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Comm-unity Monitoring and Re port-ing System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်မှ မေ ၃ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၄ ဒသမ ၆၁၃၈ တန်၊ သစ်မာ ၃ ဒသမ ၂၂၃၂ တန်၊ အခြား ၁၄ ဒသမ ၅၂၄၆ တန် စုစုပေါင်း ၄၂ ဒသမ ၃၆၁၆ တန်၊ ယာဉ်/ယန္တရား လေးစီး၊ တရားခံ ငါးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*

## ပခုက္ကူ-မြိုင်ကားလမ်းဘေးရှိ စက်သုံးဆီဆိုင် မီးလောင်

**နေပြည်တော် မေ ၈**


မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချောက်ကန်ကျေးရွာအနီး၊ ပခုက္ကူ-မြိုင်ကားလမ်းဘေးတွင် မေ ၆ရက် မွန်းလွဲ ၁ နာရီ ၃၉ မိနစ်ခန့်က ပိုင်ရှင် ဦးလှစိုး(၇၀)နှစ်ဆိုသူ၏ ရွှေကမ္ဘာ စက်သုံးဆီဆိုင်၌ 92 ဓာတ်ဆီပီပါမှ ပလတ်စတစ်ပုံးအတွင်းသို့ လက်လှည့်ပန့်ဖြင့် ဆီဖလှယ်စဉ် သဘာဝတည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်၍ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပခုက္ကူခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ် ၁၃ စီးဖြင့် Foam ဆေးရည် ၉၅ဂါလန်၊ 3Kg မီးသတ်ဆေးဘူး ၁၀ ဘူး၊ 35Kg မီးသတ်ဆေးဘူး တစ်ဘူးတို့အား အသုံးပြု၍ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀မိနစ်တွင် မီးငြိမ်းခဲ့သည်။

(ယာပုံ)


အဆိုပါမီးလောင်မှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး မီးဟပ်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား ပခုက္ကူပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ 92 ဓာတ်ဆီ ဂါလန် ၂၅၀၊ ရိုးရိုးဒီဇယ် ဂါလန် ၁၀၀၊ သုံးဘီးဆိုင်ကယ် တစ်စီး၊ ပေ ၃၀ × ပေ ၂၀၊ သွပ်မိုး၊ အကာမပါ အဆောက်အအုံ တစ်လုံး၊ ပေ ၄၀ × ပေ ၄၀၊ သွပ်မိုး၊ ထရံကာ အဆောက်အအုံ တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင်၏သားဖြစ်သူ အောင်ကိုကိုဌေးဆိုသူအား ပခုက္ကူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြမြေပုံ။




ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်မြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိသည့်နေရာပြမြေပုံ။

# ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်နှင့် ကျိုင်းတောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၆၈၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၃ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ငါးဦး စုစုပေါင်း ၁၈ ဦးတို့အား အလျားပေ ၁၂၀ အနံပေ ၃၀ ရှိ လူနေတဲ နှစ်လုံး၊ အလျားပေ ၁၂၀ အနံပေ ၃၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ အလျားပေ ၈၀ အနံပေ ၃၀ ရှိ မီးဖိုဆောင် တစ်လုံး၊ All In One နှစ်လုံး၊ မီးစက်အလတ် တစ်လုံး၊ ပါဝါစတေရှင်(အကြီး) နှစ်လုံးနှင့် ဖျက်ဆီးထားသည့် ဖုန်းမျိုးစုံအလုံး ၉၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၆၀၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးတို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျိုင်းတောင်မြို့၏တောင်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ မိုင်းပန်-ကျိုင်းတောင်သွား ကားလမ်းအနီး၌ တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတာကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိ တရုတ်နိုင်ငံသား အမျိုးသား ၂၅ ဦးကို တွေ့ရစဉ်။



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိ မြန်မာနိုင်ငံသား အမျိုးသမီး ငါးဦးကို တွေ့ရစဉ်။



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သော သိမ်းဆည်းရမိ ဖျက်ဆီးထားသည့် ဖုန်းမျိုးစုံအလုံး ၉၀ ၏ မှတ်တမ်းဓာတ်ပုံ။







လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သော သိမ်းဆည်းရမိသည့် လူနေတဲ၊ လုပ်ငန်းသုံးတဲနှင့် မီးစက်(အလတ်) တစ်လုံးတို့၏ မှတ်တမ်းဓာတ်ပုံ။






## ဥရောပယူရိုပါလိဂ် ဗိုလ်လုပွဲအဆင့်တွင် အက်စတွန်ဗီလာအသင်းနှင့် ဖရိုင်းဘတ်အသင်းတို့ တွေ့ဆုံ

**လန်ဒန် မေ ၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပ ယူရိုပါလိဂ် ဗိုလ်လုပွဲ အဆင့်တွင် အက်စတွန်ဗီလာ အသင်းနှင့် ဖရိုင်းဘတ်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပယူရိုပါလိဂ် ဆီမီးဖိုင်နယ် အဆင့်တွင် အက်စတွန်ဗီလာ အသင်းက နော်တင်ဟမ်ဖော ရက်စ်အသင်းကို နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ဖရိုင်းဘတ်အသင်းက ဘရာဂါအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး၊ သုံးဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပယူရိုပါလိဂ် ဗိုလ်လုပွဲစဉ် အဖြစ် လာမည့် မေ ၂၁ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ခွဲတွင် အက်စတွန်ဗီလာအသင်းနှင့် ဖရိုင်းဘတ်အသင်းတို့ ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ဂျန်ပေါလ်ဗန်ဟက်ကီကို ခေါ်ယူရန် စပါး၊ ချဲလ်ဆီးနှင့် လီဗာပူးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် မေ ၈**

စပါး၊ ချဲလ်ဆီးနှင့် လီဗာပူး အသင်းတို့သည် ဘရိုက်တန် အသင်း နောက်ခံကစားသမား ဂျန်ပေါလ်ဗန်ဟက်ကီကို ခေါ်ယူ ရန် အပြိုင်စိတ်ဝင်စားလျက်ရှိ သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ယခု နှစ်ဘောလုံးရာသီတွင် ပရီးမီးယား လိဂ်ပွဲစဉ် ၃၃ ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်း ကြောင့် စပါး၊ ချဲလ်ဆီးနှင့် လီဗာ ပူး အသင်းတို့က ခေါ်ယူရန် စိတ် ဝင်စားလာခြင်း ဖြစ်သည်။

ဘရိုက်တန်အသင်းကလည်း ဂျန်ပေါလ်ဗန်ဟက်ကီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ပေးချေမည့် မည်သည့်အသင်း



ကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် စပါး၊ ချဲလ်ဆီးနှင့် လီဗာပူးအသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘရိုက်တန် အသင်းထံမှ ဂျန်ပေါလ်ဗန်ဟက် ကီကို ခေါ်ယူသွားနိုင်မည်လဲဆို သည်မှာ စိတ်ဝင်စားဖွယ် စောင့် ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

0-0-0-0-0-0-0

## ဟော့ခ်ကို ဖလူးမီနိစ်အသင်း ခေါ်ယူ

**လန်ဒန် မေ ၈**

ဖလူးမီနိစ် အသင်းသည် အက်သလက်တီကိုမီနီရိုးအသင်း တိုက်စစ်မှူး ဟော့ခ်ကို အလွတ် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ ကြောင်း အတည်ပြု ထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဖလူးမီနိစ်အသင်းတွင် ကျောနံ ပါတ် (၇)ဂျာစီကို ဝတ်ဆင်ကစား သွားမည် ဖြစ်သည်။

တိုက်စစ်မှူး ဟော့ခ်သည် အက်သလက်တီကိုမီနီရိုးအသင်း နှင့်အတူ ၂၀၂၁ မှ ၂၀၂၆ ခုနှစ် အတွင်း ပြိုင်ပွဲစုံ ၃၀၉ ပွဲကစားပြီး ၁၄၀ ဂိုးအထိ သွင်းယူကာ ခြေ စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖလူးမီနိစ် အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၉)နှစ်အရွယ်ရှိ ဟော့ခ်က "ကျွန်တော် ဖလူးမီနိစ် အသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေး ထွေးစွာကြိုဆိုတဲ့ အသင်းတာဝန် ရှိသူအားလုံးကို အထူးကျေးဇူး တင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## ယာရေးအယ်လ်ဗာရက်ဇ် ဘီလ်ဘာအိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် မေ ၈**

ဘီလ်ဘာအိုအသင်းသည် အသင်းနောက်ခံကစားသမား ယာရေးအယ်လ်ဗာရက်ဇ်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ နောက်ခံကစား သမားသည် ဘီလ်ဘာအိုအသင်း နှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၂၆၀ပွဲကစားပြီး ငါးဂိုး သွင်းယူ ကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ယာရေးအယ်လ်ဗာရက်ဇ်က "ကျွန်တော် အသင်းနဲ့ သက်တမ်း တိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်း မသိပျော်ရွှင်မိပါတယ်။ ဒီအသင်း က ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်း တစ်သင်းပါ။ ကစားသမားဘဝကို လည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွား လိုပါတယ်"ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**




## 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Donna vekic တက်ရောက်

**အစ္စတန်ဘူ မေ ၈**

တူရကီနိုင်ငံတွင် ကျင်းပ လျက်ရှိသော အမျိုးသမီးတင်းနစ်



ပြိုင်ပွဲဖြစ်သည့် 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့်သို့ ခရိုအေးရှား တင်းနစ်မယ် Donna vekic တက်ရောက်ခဲ့သည်။

အဆိုပါ ခရိုအေးရှား တင်း နစ်မယ် Donna vekic သည် 2026 Istanbul Open တင်းနစ် ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင် တူရကီ တင်းနစ်မယ် Berfu Cengiz အား ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ် သည်။

2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် ခရိုအေးရှားတင်းနစ် မယ် Donna vekic နှင့် ဆား ဘီးယား တင်းနစ်မယ် Mia Ristic တို့ ယှဉ်ပြိုင်ကစားသွား မည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

0-0-0-0-0-0-0

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၉-၅-၂၀၂၆<br>ညနေ ၆:၃၀ နာရီ | (၁၄)အယ်လ်ချီ -<br>(L,W,W,W,L) | အလာဗက်စ်(၁၈)<br>(D,D,L,W,L) | အယ်လ်ချီ ၃-၁ အလာဗက်စ်<br>အလာဗက်စ် ၁-၀ အယ်လ်ချီ |
| ၉-၅-၂၀၂၆<br>ည ၈:၄၅ နာရီ | (၁၇)ဆီဗီလာ -<br>(L,W,L,L,W) | အက်စ်ပန်ညို(၁၃)<br>(D,L,L,D,L) | ဆီဗီလာ ၁-၁ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၀-၂ ဆီဗီလာ |
| ၉-၅-၂၀၂၆<br>ည ၁၁:၀၀ နာရီ | (၄)အက်သလက်တီကို -<br>(L,W,D,W,L) | ဆဲလ်တာဗီဂို(၆)<br>(L,L,L,L,W) | အက်သလက်တီကို ၁-၁ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၀-၁ အက်သလက်တီကို |
| ၁၀-၅-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၉)ဆိုစီဒက် -<br>(D,W,L,D,L) | ဘက်တစ်(၅)<br>(D,L,W,D,W) | ဆိုစီဒက် ၂-၀ ဘက်တစ်<br>ဘက်တစ် ၃-၀ ဆိုစီဒက် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၉-၅-၂၀၂၆<br>ည ၈:၀၀ နာရီ | (၉)အော့စ်ဘတ် -<br>(D,D,W,D,W) | မိုချန်ဂလာဘတ်(၁၁)<br>(D,L,D,D,W) | အော့စ်ဘတ် ၂-၁ မိုချန်ဂလာဘတ်<br>မိုချန်ဂလာဘတ် ၀-၃ အော့စ်ဘတ် |
| ။ | (၆)ဟော်ဖန်ဟိမ်း -<br>(L,D,W,W,D) | ဝါဒါဘရီမင်(၁၅)<br>(L,L,W,D,L) | ဟော်ဖန်ဟိမ်း ၃-၄ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၁-၃ ဟော်ဖန်ဟိမ်း |
| ။ | (၃)လိုက်ပဇစ် -<br>(W,W,W,W,L) | စိန့်ပေါ်လီ(၁၇)<br>(D,L,D,L,L) | လိုက်ပဇစ် ၂-၀ စိန့်ပေါ်လီ<br>စိန့်ပေါ်လီ ၀-၀ လိုက်ပဇစ် |
| ။ | (၅)စတုဂတ် -<br>(W,L,W,D,D) | လေဗာကူဆင်(၄)<br>(W,L,L,W,W) | စတုဂတ် ၃-၄ လေဗာကူဆင်<br>လေဗာကူဆင် ၀-၀ စတုဂတ် |
| ၉-၅-၂၀၂၆<br>ည ၁၁:၀၀ နာရီ | (၁၆)ဝုဗ်ဘတ် -<br>(L,L,W,D,D) | ဘိုင်ယန်မြူးနစ်(၁)<br>(W,W,L,D,D) | ဝုဗ်ဘတ် ၂-၃ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၂-၀ ဝုဗ်ဘတ် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၉-၅-၂၀၂၆<br>ညနေ ၆:၀၀ နာရီ | မစ်ဒယ်ဘရော - | ဆောက်သမ်တန် | မစ်ဒယ်ဘရော ၄-၀ ဆောက်သမ်တန်<br>ဆောက်သမ်တန် ၁-၁ မစ်ဒယ်ဘရော |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၉-၅-၂၀၂၆<br>ည ၇:၃၀ နာရီ | (၁၅)ကက်ဂလီယာရီ -<br>(L,W,L,W,D) | အူဒီးနီစ်(၁၁)<br>(D,W,L,D,W) | ကက်ဂလီယာရီ ၁-၂ အူဒီးနီစ်<br>အူဒီးနီစ် ၂-၀ ကက်ဂလီယာရီ |
| ၉-၅-၂၀၂၆<br>ည ၁၀:၃၀ နာရီ | (၈)လာဇီယို -<br>(L,W,W,D,W) | အင်တာမီလန်(၁)<br>(W,W,W,D,W) | လာဇီယို ၀-၆ အင်တာမီလန်<br>အင်တာမီလန် ၂-၂ လာဇီယို |
| ၁၀-၅-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၁၇)လက်ချီ -<br>(L,L,D,D,W) | ဂျူဗင်တပ်(၄)<br>(W,W,W,D,D) | လက်ချီ ၁-၁ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၂-၁ လက်ချီ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၉-၅-၂၀၂၆<br>ညနေ ၆:၀၀ နာရီ | (၄)လီဗာပူး -<br>(W,L,W,W,L) | ချဲလ်ဆီး(၉)<br>(L,L,L,W,L) | လီဗာပူး ၂-၁ ချဲလ်ဆီး<br>ချဲလ်ဆီး ၃-၁ လီဗာပူး |
| ၉-၅-၂၀၂၆<br>ည ၈:၃၀ နာရီ | (၈)ဘရိုက်တန် -<br>(W,W,D,W,L) | ဝုဗ်(၂၀)<br>(D,L,L,L,D) | ဘရိုက်တန် ၂-၂ ဝုဗ်<br>ဝုဗ် ၀-၂ ဘရိုက်တန် |
| ။ | (၁၁)ဖူလ်ဟမ် -<br>(W,L,D,W,L) | ဘုန်းမောက်(၆)<br>(D,W,W,D,W) | ဖူလ်ဟမ် ၂-၂ ဘုန်းမောက်<br>ဘုန်းမောက် ၁-၀ ဖူလ်ဟမ် |
| ။ | (၁၂)ဆန်းဒါးလန်း -<br>(W,W,L,L,D) | မန်ယူ(၃)<br>(D,L,W,W,W) | ဆန်းဒါးလန်း ၀-၃ မန်ယူ<br>မန်ယူ ၃-၁ ဆန်းဒါးလန်း |
| ၉-၅-၂၀၂၆<br>ည ၁၁:၀၀ နာရီ | (၂)မန်စီးတီး -<br>(W,W,W,W,D) | ဘရန့်ဖို့ဒ်(၇)<br>(D,D,D,L,W) | မန်စီးတီး ၂-၁ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၂-၂ မန်စီးတီး |

# စိုက်ပျိုးစရိတ်ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေထုတ်ချေးရေးအစီအစဉ် ရှင်းလင်း

**နေပြည်တော် မေ ၈**

အစိုးရအဖွဲ့ ရက်ပေါင်း(၁၀၀) အတွင်း ၂၀၂၆ ခုနှစ် မေလဆန်းမှ စတင်ဆောင်ရွက်မည့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးနှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေထုတ်ချေးရေးဆောင်ရွက်မည့် အစီအစဉ်နှင့် ပတ်သက်၍ နေပြည်တော်ရှိ တောင်သူများအား ရှင်းလင်းပွဲကို မေ ၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်တဲကြီးကျေးရွာ ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက တောင်သူလယ်သမားများ စက်မှုလယ်ယာစနစ်သို့ အချိန်မီ ပြောင်းလဲနိုင်စေရန်နှင့် လယ်ယာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရန် ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာ၌ အထောက်အကူပြုစေရေး၊ လယ်ယာကို အခြေခံသော စီးပွားရေးကဏ္ဍများတွင် ကုန်ထုတ်စွမ်းအားတိုးမြှင့်ထုတ်လုပ်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ တောင်သူလယ်သမားများနှင့် လယ်ယာထုတ်ကုန်လုပ်ငန်းရှင်များသို့ လယ်ယာသုံးစက်ကိရိယာချေးငွေများကို ငွေကျပ် သိန်းသုံးထောင်အထိ တစ်ကဏ္ဍနှင့် ငွေကျပ်သိန်းသုံးထောင်အထက်ဖြစ်ပါက တစ်ကဏ္ဍ ထုတ်ချေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဒေါ်ယဉ်နွဲ့က ချေးငွေနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုလည်းကောင်း၊ ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောနိုင်က အစိုးရအဖွဲ့၏ ရက် (၁၀၀)စီမံကိန်းနှင့် ပတ်သက်၍လည်းကောင်း၊ ရွှေဘုန်းကုမ္ပဏီနှင့် Good Brother ကုမ္ပဏီမှ တာဝန်ရှိသူများက လယ်ယာသုံးစက်ပစ္စည်းများနှင့် ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများက စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးမည့် ကိစ္စရပ်နှင့် ပတ်သက်၍လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာ ချေးငွေထုတ်ချေးမည့်ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အောင်ကို(ပြန်/ဆက်)**





# ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲ ကျင်းပ

**သရက် မေ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊သရက်မြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်ခဲ့သည်။ လယ်ယာကဏ္ဍတာဝန်များပေးအပ်ရာ မြို့နယ်မြေစာရင်းဦးစီးဌာန၊ သားငါးကဏ္ဍရည်မှန်းချက်တာဝန်များ ပေးအပ်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောကဏ္ဍတာဝန်များပေးအပ်ရာ မြို့နယ်သစ်တောဦးစီးဌာန၊ လျှပ်စစ်ကဏ္ဍတာဝန်များ ပေးအပ်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဆောက်လုပ်မှုကဏ္ဍတာဝန်များပေးအပ်ရာ မြို့နယ်လမ်းဦးစီးဌာနတို့က အသီးသီး တာဝန်များကို လက်ခံခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်နှင်းယုခိုင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မန္တလေးတွင် ပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်မည်

**မန္တလေး မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ ရက် ၁၀၀ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်အကောင်အထည်ဖော်လျက်ရှိသော Mandalay Commercial Complex စီမံချက်တွင် ပို့ကုန်လုပ်ငန်းရှင်များအတွက် အသုံးဝင်မည့် ကုန်သွယ်မှုဆိုင်ရာ သင်တန်းနှင့် ဆွေးနွေးပွဲများကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ၂၀၂၆ ခုနှစ်၊ မေ ၂၅ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများက ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်သည်။ သင်တန်းတွင် ပို့ကုန်လုပ်ငန်းများ လျင်မြန်သွက်လက်စွာဆောင်ရွက်နိုင်ရန်အတွက် သိရှိထားရမည့်လုပ်ငန်းစဉ်များ၊ အသုံးဝင်မည့် သင်ခန်းစာများနှင့် ကုန်သွယ်မှုဆိုင်ရာ အသိပညာဗဟုသုတများကို အသေးစိတ် မျှဝေပေးသွားမည်ဖြစ်သည်။

ထို့အပြင် ပို့ကုန်သွင်းကုန် လိုင်စင်မှတ်ပုံတင် လျှောက်ထားလိုသည့် လုပ်ငန်းရှင်များအတွက် လိုအပ်သော အကူအညီများပေးခြင်း၊ Online လိုင်စင်လျှောက်ထားရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းနှင့် ပြည်ပဈေးကွက်ချိတ်ဆက်မှုဆိုင်ရာ အချက်အလက်များကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပို့ကုန်လုပ်ငန်းကို စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံးထံသို့(ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့။

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်းသင်တန်းဖွင့်

**တံတားဦး မေ ၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀) စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်း သင်တန်း အား မေ ၆ရက်မှ ၈ရက်အထိ သုံးရက်ကြာ အုတ်ကျွတ်ဖိုကျေးရွာ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ၃၇ ဦး တက်ရောက်ခဲ့သည်။



အဆိုပါသင်တန်းအား စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာကူညီပေးခြင်း၊ သမဝါယမဦးစီးဌာနမှ သင်တန်းသားများအား အရင်းအနှီးရရှိစေရန် ချေးငွေထုတ်ချေးပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းဖွင့်လှစ်ခြင်းနှင့်သင်ထောက်ကူပြုပစ္စည်းများ ပံ့ပိုးခြင်း၊ မြစိမ်းရောင်ချေးငွေ ထုတ်ချေးပေးခြင်းတို့ဆောင်ရွက်ပေးခဲ့ပါကြောင်း ဒေသခံပြည်သူများအနေဖြင့် မိမိတို့လယ်ယာထွက်ကုန်များအား ဓာတ်မြေဩဇာအစား ကုန်ကျစရိတ်သက်သာသော သဘာဝမြေဩဇာများကို အစားထိုးအသုံးပြုနိုင်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာ၍ ဝင်ငွေများပိုမိုလာ၍ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း တံတားဦးခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောသည်။

**အောင်ရဲကျော်(ကျေးလက်)**

# တီဘီရောဂါရှာဖွေဖော်ထုတ်ကုသခြင်းနှင့် ကွင်းဆင်းဆေးကုသ

**မန္တလေး မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်ရပ်ကွက် အုတ်ကျင်းဓမ္မာရုံတွင် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း (ဗဟို-မန္တလေးရုံးခွဲ)နှင့် မဟာအောင်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ တီဘီရောဂါရှာဖွေဖော်ထုတ်ကုသပေးခြင်း၊ (အခမဲ့)ဆေးကုသပေးခြင်း၊ လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းကုသပေးရာသို့ အထက်မြန်မာပြည် တီဘီရောဂါကုသရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်ထွန်းနှင့် မဟာအောင်မြေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ကျန်းမာရေးဝန်ထမ်းများက ရက် ၁၀၀ စီမံချက်တွင် ပါဝင်သည့် တီဘီရောဂါရှာဖွေဖော်ထုတ်ရေးနှင့် NCD clinnic ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ရာ တီဘီရောဂါရှာဖွေကုသသူပြည်သူ ၁၆၁ ဦး၊ CXR ရိုက်သူ ၁၅၅ ဦး၊ GXP စစ်ဆေးသူ ၃၃ ဦး၊ TPT တိုက်ကျွေးသူ ၁၀ ဦး၊ တီဘီရောဂါရှာဖွေတွေ့ရှိသူ တစ်ဦးတို့အား အထူးကြပ်မတ်ကုသပေးခဲ့ကြောင်း သိရပြီး မဟာအောင်မြေမြို့နယ်တွင် မေ ၄ ရက်မှ မေ ၈ ရက်အထိ စုရပ်များဖွဲ့၍ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**အောင်ဇော်မင်း**

# ပဲပုပ် ၁၄ မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှု ပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပ

**ရပ်စောက် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ညောင်သုံးပင်ခြံ၌ မေ ၇ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပဲပုပ် ၁၄မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှု ပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ပြည်နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်မျိုးစေ့တာဝန်ခံက မျိုးအလိုက်ယှဉ်ပြိုင်ထားရှိမှုအပေါ် ရှင်းလင်းဆွေးနွေးသည်။ထို့နောက် ဘက်စုံကာကွယ် နှိမ်နင်းနည်းစနစ်၊ ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများကို ရှင်းလင်းပြီး ခြံဦးစီးမှူးက မျိုး ၁၄ မျိုးယှဉ်ပြိုင်ထားရှိမှုအပေါ် ဆောင်ရွက်ထားရှိမှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့သည်။၎င်းနောက် တောင်သူများက စိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှု၍ သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများမှ ဖြေကြားပြီး တောင်သူများမှ ပဲပုပ်မျိုး GXSB 2025-5၊ AB-1301-4-1-1၊ GXSB 2020-3 မျိုးများအား ကြိုက်နှစ်သက်ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် တောင်သူများ ဒေသနှင့်ကိုက်ညီသော ပဲပုပ်မျိုးကောင်းမျိုးသန့်ရရှိစေရေးနှင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေးအတွက် မျိုး ၁၄ မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုအား ပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ပိုးသတ်ဆေးဖျန်းကာကွယ်ဝတ်စုံများဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀





# လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်ပြည်သူများတွေ့ဆုံ

**မန္တလေး မေ ၈**

လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်ပြည်သူများ တွေ့ဆုံခြင်းကို မေ ၇ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၂)၊ ၃၁လမ်းနှင့်၃၂လမ်းကြား၊ လမ်း ၉၀နှင့်၉၁လမ်းကြားရှိ ကိုးလုံးတကာဘုရား ကမ္ဘာကျော်ဓမ္မာရုံတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးနှင့် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် ကော်မတီဝင်များ၊ ရပ်ကွက်ပါတီဝင်များ၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် အကွက်မှူးများ၊ ရပ်ကွက်နေပြည်သူများ အင်အား ၇၀ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်မြင့်ဌေးက နိုင်ငံတော်မှ ချမှတ်ထားသော ရက်(၁၀၀)စီမံချက် လုပ်ငန်းစဉ်များအရ ပြည်သူများရဲ့လိုအပ်ချက်ဖြစ်တဲ့ လမ်းမီးတိုင်များနဲ့ လျှပ်စစ်မီးအချိန်မှန်ရရှိရေး သက်ဆိုင်ရာဌာနများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အကွက်မှူးများအနေဖြင့် မိမိရပ်ကွက်လိုအပ်ချက်ကို ကြည့်ရှုပြီး အုပ်ချုပ်ရေးမှူးထံ တင်ပြပေးရန်လိုအပ်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် လိုအပ်ချက်များကို စိစစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ပူးပေါင်းဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူများက ရပ်ကွက်အတွင်း လိုအပ်ချက်များကို ကွင်းဆင်းစစ်ဆေးပေးရန် မြို့တော်စည်ပင်အမှိုက်သိမ်းဆည်းရေးအဖွဲ့နှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးရန် တင်ပြခဲ့ပြီး အကွက်(၂၅၉)၊ ပြည်ကျော်ဈေးအနောက်ပေါက်ရှိ သစ်သားလျှပ်စစ်မီးတိုင်လဲလှယ်ရန် တင်ပြသည်ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၁)

# ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်လှစ်

**ကန့်ဘလူ မေ ၈**

ဒေသတွင်းအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေနိုင်ရန်၊ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများဆောင်ရွက်နိုင်စေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းကို မေ ၅ ရက်မှ ၉ ရက်ထိ ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာ ဇေယျာသီရိကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသို့ လိတ္တူကျေးရွာ၊ ကိုင်းတောကျေးရွာနှင့် သင်ပန်းတောကျေးရွာတို့မှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကာ သင်တန်းနည်းပြ ဆရာမနှစ်ဦးက ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့်ခေါင်း လျှော်ရည်ပြုလုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# စိုက်ပျိုးရေရရှိစေရေး လယ်ကြားမြောင်းများတူးဖော်၍ စိုက်ပျိုးဆောင်ရွက်

**မင်းဘူး မေ ၈**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်အတွင်းရှိ မဲဇလီရေလွှဲဆည်၏ ဆည်ရေသောက် ဧရိယာတွင် ပါဝင်သည့် မြို့နယ်များရှိ ဒေသခံတောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးချိန် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ စိုက်ပျိုးရေကို ပိုမိုအကျိုးရှိထိရောက်စွာ အသုံးချနိုင်စေရန်နှင့် စိုက်ပျိုးရေကို စိုက်ကွင်းများဆီသို့ အချိန်တိုအတွင်း လိုအပ်သော ရေပမာဏ ရရှိစေရန်အတွက် လယ်ကြားမြောင်းများ တူးဖော်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်၏ ဆည်ရေသောက် ဧရိယာများတွင် ပါဝင်သည့် မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် နွေစပါး ၂၅၃၇၈ ဧကနှင့် အခြားသီးနှံ(နွေနှမ်း)၄၅၇၄၀ ဧက၊ စုစုပေါင်း ၇၁၁၁၈ ဧကအထိ စိုက်ပျိုးရန်လျာထားခဲ့ပြီး စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးနှင့် သီးနှံအတွက် လိုအပ်ရေပမာဏအတိုင်း အချိန်မီရရှိစေရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တောင်မုန်းနှင့် မြောက်မုန်းမြောင်းမကြီးများမှတစ်ဆင့် စိုက်ပျိုးရေကို လိုအပ်သလို ရေပေးဝေစီမံဆောင်ရွက်ပေးလျက်ရှိ သည်။

မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် မြောက်မုန်းမြောင်းမကြီးသို့လည်းကောင်း၊ အခြားသီးနှံ (နွေနှမ်း)စိုက်ပျိုးနိုင်ရန်အတွက် မတ် ၇ရက်တွင် တောင်မုန်းမြောင်းမကြီးသို့လည်းကောင်း စိုက်ပျိုးရေများ စတင်ပေးဝေခဲ့ရာ ဧပြီ ၃၀ ရက်အထိ နွေစပါး ၁၃၇၀၉ ဧကနှင့် အခြားသီးနှံ (နွေနှမ်း)၅၇၄၄၀ ဧက စုစုပေါင်း ၇၁၁၅၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကာ အဆိုပါ သီးနှံစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်/မြောင်း)မှ တာဝန်ရှိ သူတစ်ဦးက ပြောသည်။

အဆိုပါ သီးနှံစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းစေရန်နှင့် စိုက်ကွင်းများဆီသို့ အချိန်တိုအတွင်း လိုအပ်သော ရေပမာဏ ရရှိစေရေးအတွက် လယ်ကြားမြောင်းများတူးဖော်ခြင်း၊ ရှင်းလင်းခြင်း၊ နွေသီးနှံစိုက်ခင်းများတွင် လိုအပ်သော စိမ့်မြောင်း၊ ပတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို ဒေသခံတောင်သူများ၊ ရေအသုံးချသူများအဖွဲ့(WUG) များနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သီးနှံစိုက်ခင်းများအတွင်း လယ်ကြားမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းအားဖြင့် စိုက်ပျိုးရေးကို အကျိုးရှိစွာ အသုံးချနိုင်ပြီး မိုးများ၍ ရေကြီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိစေခြင်း စသည့် ကောင်းကျိုးများကြောင့် မိမိတို့ စိုက်ပျိုးမြေများတွင် လယ်ကြားမြောင်း စိမ့်မြောင်းနှင့်ပတ်မြောင်းများအား သီးနှံစိုက်ပျိုး ချိန်ရာသီအလိုက် တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဌာနမှ တာဝန်ရှိသူများနှင့် ရေအသုံးချသူ တောင်သူများ ပူးပေါင်း၍ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရရသည်။



(ဝဲပုံ) (၅၀၀)

# မေထုန်မဲ့သားစပ်လုပ်ငန်းဆောင်ရွက်

**မန္တလေး မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာသူဇာမြင့်၏ ကြီးကြပ်မှုဖြင့် ရက်(၁၀၀) စီမံချက် ဆောင်ရွက်မှုအတွက် မေ ၅ ရက် ညနေပိုင်းက အမရပူရမြို့နယ်၊ သာယာအေးကျေးရွာ ဦးထွန်းမြင့်၏ နို့စားနွားမ တစ်ကောင်အား တိရစ္ဆာန်ကျန်းမာရေး အကူလုပ်သား CAHW ဦးကံစိန်က မေထုန်မဲ့ သားစပ်လုပ်ငန်း ဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

အဆိုပါသားစပ်ခြင်းလုပ်ငန်းများကို ဧပြီ ၂၂ ရက်မှ ယနေ့အထိ ခိုင်းနွားမ ၁၅ ကောင်၊ နို့စားနွားမ အကောင် ၆၀ နှင့် အသားတိုးနွား အကောင် ၂၀ ၊ စုစုပေါင်း ၉၅ ကောင်အား မေထုန်မဲ့သားစပ်ပြီးဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



# ရာဂ၊ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာမီး အပြီးလွတ်ပါစေ

တစ်ခါတုန်းက မြို့ငယ်လေးတစ်မြို့ကိုရောက်စဉ် တေဒင်္ဂအရှင်ပညာဇောတကိုယ်တိုင် ကြုံတွေ့ခဲ့ရတာပါ။ အဲ့ဒီမြို့နယ်ကလေးနဲ့ သိပ်မဝေးလှတဲ့ ရွာကလေးအနီးမှာ တောင်ကုန်းလေးတစ်ခု ရှိပါတယ်။ အဲ့ဒီတောင်ကုန်းလေးဟာ ဒကာ၊ ဒကာမတွေ အသွားအလာ မပြတ်တဲ့အတွက် ဆရာတော်အရှင်ပညာဇောတက ဒကာမကြီးတစ်ဦးကို စုံစမ်းကြည့်တော့ ဒကာမကြီးက တောင်ပေါ်မှာ အတော့်ကို အကျင့်ကောင်းတဲ့ ရသေ့တွေရှိတဲ့အကြောင်း၊ အဲ့ဒီရသေ့တွေဟာလည်း အရင်တုန်းက ဦးပဉ္စင်းတွေဖြစ်တဲ့အကြောင်း၊ နောက်မှရသေ့အဖြစ် ပြောင်းလိုက်ကြကြောင်း ပြောပြပါတယ်။ အရှင်ပညာဇောတဟာ ရဟန်းဘဝကနေ ရသေ့အဖြစ် ပြောင်းလဲလိုက်တယ်ဆိုတော့ အလွန်စိတ်ပျက်မိသွားပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရဟန်းဘဝကနေ ရသေ့ဝတ်ခြင်း၊ ရသေ့အသွင်ပြောင်းလဲခြင်းဟာ ဗုဒ္ဓမပွင့်ပေါ်မီ အရင်ခေတ်ကို ပြန်ရောက်သွားလို့၊ ခေတ်နောက်ပြန်ဆွဲသွားလို့ပါ။ ဒါဟာ သာသနာဆုတ်ယုတ်ကြောင်းပဲ မဟုတ်ပါလား။

ဆရာတော် ဦးပညာဇောတက ရသေ့တွေ ဘယ်လိုကျင့်သလဲလို့ ဒကာမကြီးကို မေးပါတယ်။ ဒကာမကြီးက ရသေ့များဟာ အကျင့်ပြင်းထန်ကြောင်း၊ တစ်ခါတစ်ရံ ရေဆွမ်းကိုတောင် ဘုဉ်းပေးကြောင်း လျှောက်ထားတဲ့အတွက် ဆရာတော် ဦးပညာဇောတ အတော်လေးအံ့အားသင့်ရပါတယ်။ ဆွမ်းဟာ ရေမဟုတ်သလို ရေဟာလည်း ဆွမ်းမဟုတ်ပါဘူး။ ရေဆိုတာ အကပ်ခံစရာမလိုဘဲ ဘုဉ်းပေးကောင်းတယ်လေ။ ဒီတော့ ရေဆွမ်းဘုဉ်းပေးတာကို ကန့်ကွက်ရမလား၊ ထောက်ခံရမလားပေါ့။ ဒကာမကြီးက ဆက်ပြီးတော့ လျှောက်ထားလိုက်ပါသေးတယ်။ ပုံမှန်ဘုဉ်းပေးတာကတော့ မီးလွတ်တဲ့။ မီးနဲ့ လုံးဝမတွေ့မထိတဲ့ သစ်သီးဆွမ်းတဲ့။ အဆင်ပြေလုံလောက်အောင် ဈေးထဲရှာဖွေဝယ်ယူပြီး သစ်သီးမှည့်တွေ တောင်ပေါ်ကို သွားရောက်လှူဒါန်းရကြောင်း လျှောက်ထားပါတယ်။ ဒါပေမဲ့ ရသေ့တွေက ရေနွေးကိုတော့ သောက်တယ်လို့ထင်ကြောင်း လျှောက်ထားတဲ့အခါ ဆရာတော်ဦးပညာဇောတက ဒါဆိုရင် ရသေ့တွေ ဘယ်မီးလွတ်တော့မလဲလို့ မိန့်တော်မူပါတယ်။

ဒကာမကြီးက မီးလွတ်စားတာကို အတော်လေး အထင်ကြီးနေပုံရပါတယ်။ ဒါကြောင့်ထင်ပါတယ်။

ဆရာတော်လေးကော မီးလွတ်မစားဘူးလားတဲ့လေ။ ဒီတော့ ဦးပညာဇောတက ကျုပ်တို့ကျောင်းမှာတော့မီးလွတ်အမြဲစားပါတယ်လို့ပြောတော့ ဘယ်လို မီးလွတ်စားတာလဲဘုရားလို့ ပြန်လည်လျှောက်ထားပြန်ပါတယ်။ ဆရာတော်ရှင်းပြတာက ကျောင်းမှာ ဘာမှ မချက်ဘူးတဲ့။ ရွာထဲမှာ ဆွမ်းခံသွား၊ ပြန်လာရင် ထိုင်စားတာပဲတဲ့။ ဒကာမကြီးက ရေနွေးကော မဘုဉ်းပေးဘူးလား ဘုရားလို့ လျှောက်တော့ ဆရာတော်က ရေနွေးဘုဉ်းပေးရင် ဘယ်မီးလွတ်တော့မလည်းတဲ့။ ကျုပ်တို့ ကျောင်းမှာတော့ ဆွမ်းလည်းမီးလွတ်၊ ရေလည်းမီးလွတ်လို့ ပြန်လည်မိန့်ကြားလိုက်ပါတယ်။ ဒီအခါ ဒကာမကြီးပြောလိုက်တာက အရှင်ဘုရားတို့ မီးလွတ်က အဆန်းပဲတဲ့။

ဘယ်ဆန်းမလဲ ဒကာမကြီးရဲ့။ ရှေးအစဉ်အလာကတည်းက ဘုရား၊ ရဟန္တာကြီးများရဲ့ ထုံးတမ်းစဉ်လာပဲတဲ့။ ဆရာတော် ဆက်လက်မိန့်ကြားတာက ဒါက ပကတိ မီးလွတ်နော်။ ဗုဒ္ဓဟောတဲ့ ကာမ၊ ရာဂ၊ တဏှာ၊ ကိလေသာ မီးလွတ်ကျင့်တာကို အရပ်စကားနဲ့ နားလည်အောင်ရှင်းပြရလိမ့်ဦးမယ်။ သူတော်သူမြတ်အတွက် လှူဒါန်းထားတဲ့ ဒီစားသောက်ဖွယ် အသွယ်သွယ်ဟာ အာခံတွင်းကနေ သွင်းလိုက်တာနဲ့ တစ်ပြိုင်နက် ခွေးစားခွက်မှာ စွန့်ပစ်လိုက်တဲ့ အန်ဖတ်လိုပဲတဲ့။ ခံတွင်းက တံတွေးနဲ့အတူ လုံးချေမွှေနှောက်ပြီး နောက်နေ့မနက် မစင်အဖြစ် ပြောင်းလဲသွားတဲ့အထိ ဖြစ်သွားလိမ့်မယ်တဲ့။ နွားနဲ့ဆွဲတဲ့ လှည်းနဲ့ မြင်းရထားတွေ လိုအပ်နေတာတွေကို နေ့စဉ်ပြုပြင်ပေးနေရသလို ကား၊ ရထား၊ ဆိုင်ကယ်၊ လေယာဉ် စသဖြင့် သူတို့ မချွတ်ယွင်းရအောင် ဆီ၊ ရေ၊ လေ လိုက်ပေးရတယ်။ လိုအပ်မယ့် စပယ်ယာလို့ခေါ်တဲ့ အပိုပစ္စည်းတွေကိုလည်း အဆင်သင့် ဆောင်ထားရတာပေါ့။ အဲ့ဒီလိုပဲ ခန္ဓာကိုယ်ကြီးလည်း ပြိုကွဲလဲပြိုမသွားအောင် အစားအစာ၊ ရေတို့ကို စားသုံးပေးရပါတယ်။ ကျန်းမာရေးမကောင်းရင် ဆေးဝါး၊ ဓာတ်စာ မှီဝဲရပါတယ်။ ဆီ၊ ရေ၊ လေ တို့ဟာ အချင်းချင်းမသိကြသလို သတ္တဝါတွေကို တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်မှာလည်း ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါးဟာလည်း အချင်းချင်းမသိကြပါဘူး။ ဒီဓာတ်ကြီးလေးပါး မပြိုကွဲစေခြင်းအလို့ငှာ အာခံတွင်းမှ ထမင်း၊ ဟင်းလျာ၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ထည့်သွင်းလိုက်ပြီး နောက်နေ့မနက် ကျင်ကြီး၊ ကျင်ငယ်(ချေး၊ သေး)အဖြစ် စွန့်ပစ်ကြရပါတယ်။ အခြားမျက်ချီး၊ နား၊ နှာခေါင်းတို့ကလည်း သူ တို့နဲ့သက်ဆိုင်တဲ့ အညစ်အကြေးတွေကို စွန့်ပစ်ကြရပါတယ်။ စားသုံးတဲ့အခါမှာလည်း ကာမ၊ ရာဂ၊ တဏှာ၊ ကိလေသာတွေ မလိမ်းကျံစေဘဲ (ကောင်းလိုက်တာ၊ ညံ့လိုက်တာ)လို့ အရသာခံမနေဘဲ ခန္ဓာကိုယ်ကြီး တည်မြဲနေပြီး မှန်ကန်တဲ့ တရားအလုပ်ကို အားထုတ်နိုင်ဖို့ အစာ၊ ရေစာတို့ကို စားသုံးတာလို့ အောက်မေ့ရမယ်တဲ့။ အဲ့ဒါ ဘုရားဟောပဲကွဲ့။ အဲ့ဒီလိုစားရင် ရာဂမီး၊ ဒေါသမီး၊ လောဘမီး၊ မောဟမီးတွေ လောင်ပါဦးမလားလို့ ဦးပညာဇောတက မေးတဲ့အခါ မလောင်နိုင်တော့ပါကြောင်း ဒကာမကြီး ပြန်ဖြေပါတယ်။ အဲ့ဒါလည်း မီးလွတ်ပဲပေါ့လို့ ပြောလိုက်ပါတယ်။ ဒီအခါကျမှ ဒကာမကြီးက အရှင်ဘုရားရှင်းပြမှ မီးလွတ်အမျိုးမျိုးကို သိရပါတယ်လို့ ဆိုပါတယ်။ ဒီတော့မှ "ဦးပညာဇောတ"က မီးလွတ်တာ မလွတ်တာထက် ဗုဒ္ဓကျင့်နိုင်းတဲ့အတိုင်းကျင့်ဖို့က အရေးကြီးပါတယ်။ ဗုဒ္ဓက အကျင့်(၃)မျိုး အကြောင်းကိုလည်း ဟောကြားခဲ့ပါသေးတယ်။ ကိုယ်ကျင့်တာ ဘယ်အကျင့်ထဲပါနေတယ်ဆိုတာ ဘုရားဟောနဲ့ တိုက်ကြည့်။ မှန်ရင် ဆက်လုပ်၊ မမှန်ရင် နောက်ဆုတ်တဲ့။

ဗုဒ္ဓဟောကြားတဲ့ အကျင့်(၃)မျိုးကတော့-

၁။ သာမန်လူသားတွေ အမြဲကျင့်ကြတဲ့အကျင့်။

၂။ မိမိခန္ဓာကိုယ်ကို ရိုက်ပုတ်ညှဉ်းဆဲတဲ့အကျင့်နဲ့

၃။ အစွန်း (၂)ပါးက လွတ်တဲ့ အလယ်အလတ် အကျင့်တဲ့။

၁။ အချို့သော သာမန်လူတွေဟာ ကာမဂုဏ်ခံစားခြင်းဆိုတာ အပြစ်မဟုတ်ဘူးလို့ ထင်မြင်ယူဆကြတယ်။ သူတို့ထင်မြင်ယူဆထားတဲ့အတိုင်း ကာမဂုဏ်အမှုကို အစဉ်အဆက် ပြုလုပ်ကြတယ်။ ဒါကိုတော့ ကာမဂုဏ်တို့နဲ့ အမြဲထုံမွှမ်းထားတဲ့အကျင့်တဲ့။

၂။ အချို့သောသူတွေဟာ အဝတ်မဝတ်ဘဲ နားလည်အောင်ပြောရမယ်ဆိုရင် အရှက်အကြောက်ဖြစ်စေတဲ့ အရာတွေကို လူမြင်ကွင်းမှာသွားတဲ့အခါ ဖုံးကွယ်မထားဘဲ လွတ်လပ်စွာ ကျင့်တယ်တဲ့။ ခံဆွမ်း၊ လောင်းဆွမ်း၊ ပို့ဆွမ်းကိုလည်း မစား၊ သား၊ ငါးမစား၊ (၇)အိမ်သာ ဆွမ်းခံတယ်။ သစ်ဥ၊ သစ်မြစ်၊ သစ်သီးကိုပဲ စားတယ်။ ဆူးပုံပေါ် အိပ်တယ်။ မိမိကိုယ်ကို ရိုက်ပုတ်ညှဉ်းဆဲတယ်တဲ့။

၃။ အချို့သောသူတို့ဟာ မဖြစ်သေးတဲ့ အကုသိုလ်မကောင်းမှုတွေကို မဖြစ်ဖို့၊ ဖြစ်ပြီးတဲ့ အကုသိုလ်မကောင်းမှုတွေကို နည်းသွားဖို့၊ မဖြစ်သေးတဲ့ ကုသိုလ်ကောင်းမှုတွေ ဖြစ်ဖို့၊ ဖြစ်ပြီးသား ကုသိုလ်ကောင်းမှုတွေ အမြဲတည်တံ့နေဖို့ ကြိုးစားအား ထုတ်တယ်တဲ့။ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာကို မဂ္ဂင်(၈)ပါးအလေးထား သူတော်ကောင်းတရားကို ကြိုးစားအားထုတ်တယ်တဲ့။ အဲ့ဒါကိုတော့ အစွန်း (၂)ပါးလွတ်တဲ့ အလယ်အလတ်အကျင့်တဲ့။

အဲ့ဒီတော့ ဒကာမကြီးရေ ဒါတွေဟာ ဗုဒ္ဓဟောတဲ့ အကျင့် (၃)မျိုးပါပဲ။ မီးလွတ်ဘုဉ်းပေးတဲ့ အကျင့်၊ ရေဆွမ်းဘုဉ်းပေးတဲ့အကျင့်တို့ဟာ ဘယ်နံပါတ်ထဲမှာပါမလဲဗျလို့ ဦးပညာဇောတက မေးတဲ့အခါ ဗုဒ္ဓဟောတဲ့ နံပါတ်(၂)ထဲမှာ ပါမယ်ထင်ကြောင်း ဖြေပါတယ်။ အဲ့ဒီအခါ ဦးပညာဇောတက ဘုရားဟော လမ်းမှန်တွေရှိနေရက်သားနဲ့ လူအထင်ကြီးအောင်၊ ထင်ပေါ်ကျော်ကြားအောင် လုပ်နေကြတာတွေဟာ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်မှသာ ရာဂ၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာမီးတွေက ကင်းလွတ်ပါလိမ့်မယ်။ အထူးအဆန်းတွေလုပ်ပြတိုင်း အထင်မကြီးဘဲ ဗုဒ္ဓဟောတဲ့ အကျင့်(၃)မျိုးထဲက နံပါတ်(၃)အကျင့်ဖြစ်တဲ့ အစွန်း(၂)ပါးကလွတ်တဲ့ အလယ်အလတ်အကျင့်မြတ်ကို တကယ့်ဆရာကောင်း ဆရာမြတ်သူကောင်းထံ နည်းခံမှတ်သားပြီး ရာဂ၊ လောဘ၊ ဒေါသ၊ မောဟ ကိလေသာမီးတို့မှ လွတ်ကင်းနိုင်ကြပါစေ။

စာကိုး။ ။ သုရဋ္ဌမဂ္ဂဇင်း -၂၀၂၅ မတ်လ

၁။ ကိုရွှေမြသန်း "ဘယ်မီးကိုလွတ်မှာလဲ"

၂။ အရှင်ပညာဇောတ၏ "ဗုဒ္ဓ၊ ဓမ္မ ပြဿနာများ (၁)

၃။ ကိုယ်တိုင်တရားအားထုတ်ခြင်းအတွေ့အကြုံ (၁၉၇၈-၁၉၈၂ (၅)နှစ်)

* ကျွန်ုပ်စာဖတ်၊ ပရိသတ်အား မြင့်မြတ်စိတ်ထား၊ ကုသိုလ်ပွား အောင်ကြိုးစားကာပင်၊ ရေးစီရင်သည်၊ ကြည်လင်ချမ်းမြေ့ကြပါစေ။

အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)

# မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေး

(၇-၅-၂၀၂၆)ရက် စာမျက်နှာ-၁၇ မှအဆက်

3Rs Principle

ဒီနေရာမှာ အမှိုက်စီမံခန့်ခွဲမှုမှာ အရေးကြီးဆုံးအခြေခံသဘောတရားတစ်ခုဖြစ်သည့် 3 Rs Principles ကို မျှဝေလိုပါသည်။ ၎င်းသည် မြို့တစ်မြို့သန့်ရှင်းရေး၊ ပတ်ဝန်းကျင်ကာကွယ်ရေးအတွက် အလွန်အရေးကြီးသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။

3 Rs ဆိုသည်မှာ-

Reduce,Reuse,Recycle (လျှော့ချခြင်း၊ ပြန်သုံးခြင်း-ပြန်လည်ထုတ်လုပ်ခြင်း)သုံးခုကို အဆင့်လိုက် လိုက်နာခြင်းပင် ဖြစ်ပါသည်။

၁။ Reduce (လျှော့ချခြင်း)

အမှိုက်မပစ်အောင် မူလကနေလျှော့ချခြင်း၊ ဥပမာ-ပလတ်စတစ်အိတ်မသုံးဘဲ အစားထိုးသုံးခြင်း၊ တစ်ခါသုံးပစ္စည်းများ လျှော့သုံးခြင်း၊ အစားအစာမလွန်စေဘဲ စားနိုင်သလောက်ပဲယူခြင်း၊ အမိကအယူအဆမှာ မဖြစ်လျှင် အကောင်းဆုံးဖြစ်သည်။

၂။ Reuse (ပြန်သုံးခြင်း)

အသုံးပြုပြီးသားပစ္စည်းကို ပြန်လည်အသုံးပြုခြင်း၊ ဥပမာ-ရေဘူးကို ပြန်ဖြည့်သုံးခြင်း၊ အိတ်၊ ဘူးများ ပြန်သုံးခြင်း၊ အဝတ်အစားအဟောင်းများကို ပြန်အသုံးချခြင်း၊ အဓိကအယူအဆမှာ "အသုံးရှိသေးလျှင် မပစ်ပါနှင့်"

၃။ Recycle (ပြန်လည်ထုတ်လုပ်ခြင်း)

သုံးမရတော့တဲ့ပစ္စည်းကို စက်ရုံမှာ ပြန်လည်ထုတ်လုပ်ခြင်း၊ ဥပမာ-ပလတ်စတစ်၊ စက္ကူ၊ သံဖြူ စသည့်တို့ကို ခွဲပြီးပို့ခြင်း၊ Recycling Center တွေမှာ ပြန်လည်ထုတ်လုပ်ခြင်း၊ အဓိက အယူအဆမှာ "အမှိုက်ကို အရင်းအမြစ်အဖြစ် ပြန်ပြောင်းခြင်း"

3Rs ကို အရေးအကြီးဆုံးကနေ အစဉ်လိုက်အရေးပါမှုကို ပြောရမည်ဆိုပါက-

- Reduce (လျှော့ချခြင်း)သည် (အရေးအကြီးဆုံး)
- Reuse (ပြန်သုံးခြင်း)
- Recycle (ပြန်လည်ထုတ်လုပ်ခြင်း)

လူအများက Recycle ကိုသာ အာရုံစိုက်တတ်သော်လည်း အမှန်တကယ်တွင် Reduce က အမြင့်ဆုံးအရေးကြီးပါသည်။

မန္တလေးမြို့မှာ- (က)လမ်းဘေးဆိုင်တွေမှာ ပလတ်စတစ်လျှော့သုံးရန် တိုက်တွန်းခြင်း၊ ကိုယ်ပိုင်အိတ်ယူလာစေခြင်း(Reduce)၊ (ခ) ရေဘူး၊ အိတ်တွေပြန်သုံးခြင်း၊ အိမ်နီးချင်းတွေအကြား ပစ္စည်းမျှဝေခြင်း (Reuse)၊ (ဂ)အမှိုက်ခွဲခြား(စက္ကူ၊ ပလတ်စတစ်၊ အစားအစာ) Recycling လုပ်သူများနှင့် ချိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ အမှန်မှာ 3 Rs ဆိုသည်မှာ အမှိုက်ကိုစီမံခန့်ခွဲသော နည်းလမ်းတစ်ခုသာမက လူတစ်ယောက်၏နေထိုင်မှုပုံစံကို ပြောင်းလဲပေးသည့် အယူအဆတစ်ခု ဖြစ်ပါသည်။ သို့ဖြစ်ရာ အမှိုက်ကိုစွန့်ပစ်သည့် စနစ်၊ အမှိုက်သိမ်းစနစ်များတွင် အမှိုက်စီမံခန့်ခွဲမှု အခြေခံသဘာဝတရားဖြစ်သည့် အမှိုက်သုံးစွဲမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုစေခြင်းနှင့် ပြန်လည်ထုတ်လုပ်ခြင်းတို့ကို စနစ်တကျ ထည့်သွင်းလုပ်ဆောင်သင့်ပါသည်။

**အသေးဆုံးက စတင်ပါ**

မန္တလေးမြို့ကို အမှန်တကယ်တိုးတက်စေဖို့ဆိုလျှင် လူတစ်ဦး၊ နေအိမ်တစ်ခု၊ လမ်းတစ်လမ်း၊ ရပ်ကွက်တစ်ခု၊ မြို့တစ်မြို့မှ တိုင်းပြည်တစ်ခုလုံးအထိ အဆင့်ဆင့် သွားရမည်။ လမ်းတစ်လမ်းကို ပြောင်းလဲစေခြင်းသည် လူတစ်ဦး၏စိတ်ကို ပြောင်းလဲစေခြင်း ဖြစ်ပါသည်။ လမ်းတစ်လမ်း၏သန့်ရှင်းရေး သပ်ရပ်မှုသည် လူတစ်စု၏စိတ်ကို သန့်ရှင်းစေခြင်း ဖြစ်ပါသည်။ လမ်းကိုသန့်ရှင်းစေခြင်းထက် လူတွေ၏စိတ်ကို သန့်ရှင်းစေခြင်းက ပို၍အရေးကြီးပါသည်။ လူအများ၏ ချီးကျူးစကားသံများက "ဒီလမ်း၏အသန့်ရှင်းဆုံး" ဆိုသည့် ဂုဏ်ယူရမှုကိုဖြစ်စေပါသည်။ "လမ်းတစ်လမ်းကို ပြောင်းလဲသူသည် မြို့တစ်မြို့ကို ပြောင်းလဲစေမည့် အစပြုသူ"သာ ဖြစ်ပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးကို တိုးတက်စေခြင်းဖြင့် ရပ်ကွက်နေပြည်သူများ၏ စည်းကမ်းနှင့် သဘောထားကောင်းများ မြင့်တင်နိုင်မည်ဖြစ်ပါသည်။ ရပ်ကွက်နေလူငယ်များသည် လမ်းတစ်လမ်း၏ သန့်ရှင်းရေးကို 3Rs Principles နှင့်အတူ ဦးဆောင်ခြင်းဖြင့် လူအများပါဝင်လာပြီး ကလေးများအတွက် အလေ့အကျင့်ကောင်းများ ဖြစ်လာနိုင်ပါသည်။

**နိဂုံး**

မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးသည် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် မြို့သူ၊ မြို့သားများအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။ ခိုင်မာသောစီမံကိန်းများ၊ ထိရောက်သော အကောင်အထည်ဖော်မှုများနှင့် ပြည်သူလူထု၏တက်ကြွသော ပူးပေါင်းပါဝင်မှုတို့ဖြင့် မန္တလေးမြို့တော်သည် ပိုမိုသန့်ရှင်းသာယာလှပပြီး နေချင့်စဖွယ်မြို့တော်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ မြို့ကိုပြောင်းလဲစေချင်လျှင် စိတ်ကိုပြောင်းလဲပါ။ အမှိုက်မပစ်တဲ့စိတ်၊ စည်းကမ်းလိုက်နာတဲ့စိတ်သည် မေတ္တာရှိသည့်စိတ်သာဖြစ်ပြီး မြို့တစ်မြို့ကို ပြောင်းလဲစေနိုင်သော "အကြီးဆုံးအင်အား" ဖြစ်စေပါသည်။ မန္တလေးရွှေမြို့တော်ကြီးတိုးတက်စေဖို့ "စိတ်ကောင်းတစ်ခု အမြဲဆောင်ဖို့"သာ လိုအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

အောင်စိုး(လူမှုဝန်ထမ်း)

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**သရက် မေ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေး (Abate Campaign) လုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များတွင် စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက မြို့ပေါ်ရွှေဘုံသာရပ်ကွက်အတွင်းရှိ ၁၆၈အိမ်တို့အတွင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက နေအိမ်များအတွင်းရှိ ရေတွင်း၊ ရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းသေဆေး Abate ခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

သရက်မြို့နယ်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်လုံးကျွတ်ပိုးလောက်လမ်းနှိမ်နင်းရေး (Abate Campaign)ကို ရက် (၁၀၀)စီမံချက်ရေးဆွဲထားရှိပြီး ရပ်ကျေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့အစည်းများ၊ ပရဟိတဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)ဇော်ထက်(သရက်)**

# မသန်စွမ်းသူများနှင့်ပတ်သက်၍ အသိပညာပေး Talk Show ပြုလုပ်

**မိုင်းယောင်း မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က "မသန်စွမ်းမှုအပေါ် နားလည်သဘောပေါက်ခြင်း" ခေါင်းစဉ်ဖြင့် မသန်စွမ်းသူများနှင့်ပတ်သက်၍ အသိပညာပေး Talk Show ပြုလုပ်ခဲ့သည်။




အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ကျွမ်းကျင်-၃ (ရုပ်သံ) ဒေါ်နန်းစီဖောင်းတို့က မသန်စွမ်းမှုသည် အသက်အရွယ်၊ ကျား၊မ၊ လူမျိုး၊ ဘာသာ၊ဆင်းရဲ၊ ချမ်းသာအလွှာမရွေး၊နေရာဒေသမရွေးဖြစ်နေသည့်အတွက် နေရာတိုင်းတွင် မသန်စွမ်းသူများရှိနေမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းတွင် ယခင်ကလည်းရှိခဲ့၊ ယခုလည်းရှိဆဲ၊ နောင်လည်းရှိနေဦးမည်ဖြစ်ကြောင်း၊ လူသားများရှိနေသရွေ့ မသန်စွမ်းသူများလည်းရှိနေမည်ဖြစ်ကာ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ထာဝရတည်ရှိနေမည်ဖြစ်ကြောင်း၊ လူတိုင်းတွင် ချို့ယွင်းချက်၊အားနည်းချက်ကိုယ်စီရှိကြပြီး အားသာချက်များကို ကြည့်ရှုနိုင်မည်ဆိုလျှင် မသန်စွမ်းသူများ၏ တန်ဖိုးနှင့် စွမ်းဆောင်နိုင်မှုများကို ရှာဖွေတွေ့ရှိလာမည်ဖြစ်ကြောင်း၊ သန်စွမ်းခြင်း၊ မသန်စွမ်းခြင်း အခြေအနေများသည် ရွေးချယ်၍မရ၊ ပြောင်းလဲ၍မရ၊ ရလာသော အခြေအနေများကို လက်ခံ၍ မတူညီမှုများကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း စသည်များကို ဆွေးနွေးကြသည်။

ထို့ပြင် "ပလတ်စတစ်အန္တရာယ် ဝိုင်းဝန်းလျှော့ချကာကွယ်" ခေါင်းစဉ်ဖြင့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show နှင့် "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ခေါင်းစဉ်ဖြင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး Talk Show များကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ဓါတ်ပုံ) စိုင်းအောင်ဇော်လင်း**




## တစ်ချက်တည်း ကျင်းဝင်

**မန္တလေး မေ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် မေ ၇ရက် နံနက် ၈နာရီက ဦးအိုက်စိုင်းသည် အတူကစားဖော်များဖြစ်ကြသော ဦးမြင့်စိန်၊ ဦးလီကွမ်း၊ ဦးစံလှ၊ ဦးအားယွန်းတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ကိုက် ၂၀၀ ကွာဝေးသော ကျင်းအမှတ်(၈)သို့ ဂေါက်သီးအမျိုးအစား SRIXON-3 ကို ဂေါက်တံအမျိုးအစား XXIO WOOD-3 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသဖြင့် ဦးအိုက်စိုင်းအား Myanmar Casual Wear Company မှ လက်ဆောင်ဆုနှင့် ဝမ်းသာမြန်မာကုမ္ပဏီမှ Cash Coupon ၁၀ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကဆ)**

# အားကစားနည်း ငါးမျိုးဖြင့် သင်တန်းဖွင့်လှစ်

**မန္တလေး မေ ၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ Football for School Programme အရ မြို့နယ်အတွင်း အားကစားနည်း ငါးမျိုးဖြင့် မေ ၄ ရက်မှစ၍ သင်တန်းဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို မြို့နယ်အားကစားမှူးနှင့်သင်တန်းနည်းပြများ ဦးစီး၍ Football For School Programme အရ မြို့နယ်အတွင်း အားကစားနည်း ငါးမျိုးဖြစ်သည့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ရိုးရာလက်ဝှေ့၊ (Boxing) ကစားနည်းများဖြင့် အားကစားဝါသနာရှင်များ၊ကျောင်းသား၊ကျောင်းသူများ မည်သူမဆို (အခမဲ့)လာရောက် ကစားနိုင်ကြောင်းနှင့် သင်တန်းကာလကို မေ ၄ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**
**အောင်ဇော်မင်း**






## လူ့ဘဝ အနှစ်သာရ

* စကားပြောရာ
မကြမ်းပါနဲ့
စကားကြမ်းတော့ နာခံခက်၏ ။

* အစာစားရာ
မသရမ်းပါနဲ့
အစာသရမ်းတော့ ရောဂါတက်၏ ။

* မေတ္တာရေ"စမ်း"
မခန်းပါနဲ့
မေတ္တာခန်းတော့ အကျိုးပျက်၏ ။

* သစ္စာပွင့် "ပန်း"
မနွမ်းပါနဲ့
သစ္စာနွမ်းတော့ တန်ဖိုးသက်၏ ။

* လောဘပြိုကာ
မလွှမ်းပါနဲ့
လောဘလွှမ်းတော့ ကိုယ်ကျင့်နက်၏ ။

* ဒေါသတိုကာ
မကျွမ်းပါနဲ့
ဒေါသကျွမ်းတော့ ရန်ညှိုးဖက်၏ ။

* မောဟအိုကာ
မသန်းပါနဲ့
မောဟသန်းတော့ စီးပွားပျက်၏ ။

* အသိတရား
သတိထားမှ
လူ့ဘဝအနှစ်သာရရှိပါ၏ ။ ။

**မိုးထက်ကို(အမရပူရ)**

# အောင်မြေသုခစက္ခုပါလ မျက်စိအထူးကု အမှတ်(၂)ဆေးခန်းဖွင့်



**ထန်းတပင် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့အမှတ်(၂)ရပ်ကွက်ရှိ ဓမ္မမေဒနီကျောင်းတိုက်အတွင်း အောင်မြေသုခစက္ခုပါလမျက်စိအထူးကုအမှတ်(၂)ဆေးခန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။


အခမ်းအနားသို့ ဗုဒ္ဓသာသနာပြု တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တပညာသီရိလင်္ကာရနှင့် မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မှန်စီကျောင်းတိုက် မဟာနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍဝံသ အမှူးပြုသော ပင့်သံဃာတော် ၄၅ ပါး ကြွရောက်ချီးမြှင့်ရာ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မန္တလေး၊ ခြင်္သေ့ဦးခရီးသွားလုပ်ငန်းဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ကော်မတီဝင် ဦးတိုးအောင်၊ အလှူရှင်မိသားစုများနှင့် ဒေသခံရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို၍ အခမ်းအနားကို "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သံဃမဟာနာယကအဖွဲ့ဝင် အကျော်ဆရာတော်ထံမှ သီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ဒေသနာတော်များကို ချီးမြှင့်ပြီး အောင်သုခစက္ခုပါလမျက်စိအထူးကုဆေးခန်း(၂)ဦးဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ခေမိဿရက ကျေးဇူးဝမ်းမြောက် ပီတိစကားချီးမြှင့်သည်။ ရဟန်း ဒါယကာ ဦးမျိုးမြင့်သိန်း၊ ရဟန်းဒါယိကာမ ဒေါ်ဝင်းဝင်းမင်း၊ (သမီး) မမြတ်သိင်္ဂီ၊ မဖြိုးသန့်ကလျာနွယ်၊ မဝင်းစန္ဒီမျိုး၊ ချင်းယီရွှေဆိုင်မိသားစုတို့က ငွေကျပ် သိန်းလေးထောင့်ငါးရာငါးဆယ် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းပြီး ဆေးပဒေသာပင်အတွက် ငွေကျပ် သိန်း ၅၀ လှူဒါန်းသည်။

အလားတူ ရဟန်းဒါယကာ ဦးနိုင်ဝင်း+ ရဟန်းဒါယိကာမ ဒေါ်အေးအေးခိုင်၊ (သမီး)မသင်းပွဲ့လှိုင်၊မဖူးပွဲ့လှိုင်၊သင်းပွဲ့ရွှေဆိုင် မိသားစုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် သိန်း ၅၀၊ သင်းပွဲ့ရွှေဆိုင်ပန်းထိမ်အဖွဲ့နှင့် အလှူရှင်များမှ ငွေကျပ် သိန်း ၂၇၀၊ ဦးသက်ထူး+ဒေါ်စပါယ်၊ (သား)အောင်ကိုကိုသက် မိသားစုတို့က ငွေကျပ် ၁၀ သိန်း လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်း၍ တိပိဋကဓရ တိပိဋကကောဝိဒ ဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တပညာသီရိလင်္ကာရထံမှ ရေစက်ချအနုမောဒနာတရားနာယူကာ အမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆို၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၃)



## မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း အကြိမ်(၁၂၀)မြောက် နယုန်လစာလျှောက်မေးပွဲ ကျင်းပ

**မန္တလေး မေ ၈**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းမှ ကြီးမှူးကျင်းပသော ၁၃၈၈ ခုနှစ် အကြိမ်(၁၂၀)မြောက် နယုန်လစာလျှောက်မေးခန်းသီးခြား စာသင်တန်းနှုတ်ထောက်(အာဂုံ)ပြန်ဆိုပွဲကို မေ ၆ရက်မှ ၈ရက်အထိ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ အသင်းတိုက်ခန်းမဆောင်တွင် ကျင်းပရာ ရန်ကုန်၊မန္တလေး အပါအဝင် ပရိယတ္တိစာသင်တိုက်များမှ သာသနာ့အာဇာနည်လောင်းလျာများ ဝင်ရောက်ဖြေဆိုကြသည်။

စာချတန်း၊စာသင်တန်းရေးဖြေစာမေးပွဲကိုလည်း မေ ၁၉ရက်မှ ၂၃ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အကြိမ် (၁၂၀)မြောက် နယုန်လစာလျှောက်မေးခန်းဖြေဆိုသည့် သံဃာတော်များအား ဦးထွန်းသိန်း+ဒေါ်လှမြိုင်(ငွေတာရီပဲခွဲစက်) မိသားစုနှင့် ဦးချစ်ဆွေ+ဒေါ်တင်မမ(ချစ်ဆွေပရိဘောဂ) မိသားစုက ဆွမ်းဆက်ကပ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

*- *- *- *- *


ကျန်းမာခြင်းသည် လာဘ်တစ်ပါး

သင့်ကျန်းမာရေးအတွက်

နေ့စဉ်လမ်းလျှောက်ပါ။


## ဓမ္မရံသီမိုးကုတ်ဝိပဿနာ (၅)ရက် မီးငြိမ်းတရားပွဲ ကျင်းပ

**မန္တလေး မေ ၈**

မြန်မာပြည်အရပ်ရပ်ရှိ ဓမ္မရံသီမိုးကုတ်ရိပ်သာကြီးများ ဦးဆောင်တည်ထောင်သူ ဓမ္မရံသီနာယကချုပ်ဆရာတော် ဘဒ္ဒန္တသုနန္ဒ(နိုင်ငံတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)အရှင်သူမြတ်၏ သက်တော်(၆၁)နှစ်ပြည့်မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဓမ္မရံသီမိုးကုတ်ဝိပဿနာ (၅)ရက် မီးငြိမ်းတရားစခန်းပွဲကို မေ ၁၁ ရက်မှ ၁၅ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီခွဲအထိ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အင်းယားရွာရှိ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ တရားစခန်းတွင် တစ်နေ့လျှင် (၅)ကြိမ် မိမိတို့လွတ်လပ်သလို အားသည့်အချိန် နာယူမှတ်သားအားထုတ်နိုင်ပြီး နံနက်ပိုင်း အာဟာရကို တရားစခန်းပွဲဖြစ်မြောက်ရေးဌာနမှ ကျွေးမွေးဧည့်ခံလှူဒါန်းသွားမည်ဖြစ်ပြီး ဆွမ်း၊ ရေသန့်၊ ဓမ္မပူဇာစသည့် အဖြာဖြာ တရားစခန်းနှင့် စပ်သမျှ လှူဒါန်းစုံစမ်းလိုပါက ဖုန်းများဖြစ်သော ၀၉-၄၅၄၆၈၈၈၈၊ ၀၉-၅၂၃၃၅၀၊ ၀၉-၉၆၀၀၃၅ ၅၅၂၊ ၀၉-၄၂၈၅၀၃ ၃၃၀၊ ၀၉-၄၃၀၁၂၉၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၀၇၀)

*-*-*-*-*-*

## (၄၃)ကြိမ်မြောက် သွေးလှူဒါန်း



**မန္တလေး မေ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာမှ အယ်ဒီတာ ဦးအောင်မျိုးမြတ်(မျက်ကြည်လွှာအလှူရှင်)သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ဇီဝိတဒါနအဖြစ် (၄၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၀)

## သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကျွန်းလှ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများ ကျန်းမာရေးကောင်းမွန်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်မိုးဆန်း ဦးဆောင်သော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ဆရာမများက သက်ကြီးဘိုးဘွား ၇၀ကျော်အား သွေးချိုဆီးချိုစစ်ပေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးမှတ်တမ်းရေးသွင်းခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းဆောင်ရွက်ပြီး လိုအပ်သည့်ဆေးများ ပေးအပ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၈၀)



## ဆေးပဒေသာပင်အလှူငွေ လှူဒါန်း

**မန္တလေး မေ ၈**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ ဇီဝိတဒါနသာသနာ့ အထူးကု ဆေးရုံကြီးသို့ အလှူရှင် ဦးတင်မောင်မြင့်အားရည်စူး၍ မန္တလေး၊ ၂၈လမ်း၊၇၉လမ်းနှင့် လမ်း၈၀ကြားနေ ဒေါ်စန်းစန်းတင့်၊(သား)ကိုထွန်းမင်းလတ်၊ (သမီး)မပွင့်ဝေဖြူ မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ အလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၁)



ဝတ္ထုတိုကဏ္ဍ

# မေတ္တာလေညင်း သင်းပျံ့ခဲ့

ကလင် … ကလင် … ကလင် …

ပန်းဝတ်မှုံ၏ အိမ်ရှေ့တွင် မင်းခန့်သူက စက်ဘီးဘဲလ်တီးလိုက်သည်။ ပန်းဝတ်မှုံ အလွန်ပျော်သွားသည်။ ဒီကနေ့ တက္ကသိုလ် ပထမနှစ် ကျောင်းစတက်ရမှာမို့ စိတ်တွေ လှုပ်ရှားနေသည်။ စိတ်လှုပ်ရှားသည်ထက် ရင်ခုန်နေသည်ဟု ပြောလျှင် လွန်အံ့မထင်။

တီ … တီ … တီ …

Scoopyi ဆိုင်ကယ်အနက်နှင့် လူတစ်ယောက် သူ့စက်ဘီးနားကပ်ရပ်လိုက်သောကြောင့် သူ့အတွေးအာရုံတို့ ပျက်ပြယ်သွား၏။ အရှေ့ဘက်လမ်းမှာ ပြောင်းလာသော လူတစ်ယောက်သည် ပန်းဝတ်မှုံ အနားကပ်နေသည်ကို သူ ဘဝင်မကျလှ။ သူတို့နှစ်ဦးထက် အသက်သုံးနှစ်ခန့် ကြီးသော်လည်း သူ မလေးစားချင်။ ဝတ်မှုံ၏ အနားတွင် မည်သည့်ယောကျ်ားမျှ ရှိမနေစေချင်တာ အမှန်ပါ။ ဒါပေမဲ့ သူ့မှာ ပြောပိုင်ခွင့်မရှိ။ ငယ်ငယ်ကတည်းက တစ်လမ်းထဲ အတူနေတဲ့ ငယ်သူငယ်ချင်းမို့ သံယောဇဉ်က ရှိပြီးသား။ သူ မပိုင်သောကြောင့် ဝတ်မှုံကို အရိပ်တကြည့်ကြည့်ဖြင့် စောင့်ရှောက်နေမိသည်။

‘ဟယ် … မင်းခန့်လည်း ရောက်နေတာလား။ ဒီကနေ့ ကိုကျော်စွာရဲ့ မွေးနေ့မို့ မုန့်သွားစားလိုက်ဦးမယ်။ ကျောင်းကို အရင်သွားနှင့်ပြီး ဝတ်မှုံအတွက် နေရာယူထားပေးနော်’

ဝတ်မှုံသည် ထိုသို့ပြောကာ ကိုကျော်စွာ၏ ဆိုင်ကယ်နှင့် လိုက်ပါသွားခဲ့သည်။ သူ မျက်စိတစ်ဆုံး လိုက်ကြည့်မိသည်။ ပန်းကလေးတစ်ပွင့်ကဲ့သို့ တန်ဖိုးထားမြတ်နိုးသည်ကို ဝတ်မှုံမှ မသိမမြင်ဘဲ။ အံ့ပုန်းအချစ်ကြောင့် သူ့ရင်ထဲ နာကျင်ရသည်။ ဝတ်မှုံ ပြောသောစကားကို သူ မမေ့ပေ။ ယခုမူ ထိုစကားများကို ဝတ်မှုံက မေ့သွားချေပြီ။ တက္ကသိုလ်နှင့် အိမ်သည် မဝေးသောကြောင့် သူနှင့် အတူ ကျောင်းကို အတူသွားမည်ဟု ပြောဖူးသည်။ ဝတ်မှုံနှင့် ပတ်သက်သော ကိစ္စမှန်သမျှ သူ အသေအချာ မှတ်ထားသည်။

မကြာသေးမီက ရပ်ကွက်ထဲ ပြောင်းရွှေ့လာသော လူစိမ်းနှင့် ဆိုင်ကယ်နောက်မှ ပါသွားသည်။ သူ့မှာ တားပိုင်ခွင့် မရှိ။ သူနှင့် ဝတ်မှုံက ငယ်သူငယ်ချင်းခေါင်းစဉ်အောက်၌သာ တည်ရှိနေကြသည်။ မင်းခန့်သည် စက်ဘီးပေါ်မှ ဆင်းကာ ‘နီလာ’ပန်းခြံမှ ဝယ်လာသော နှင်းဆီပန်း အနီရောင်နှင့် စာအိတ်အညိုရောင်ကို ဝတ်မှုံတို့၏ ခြံတံခါးကြားမှာ ညှပ်ထားလိုက်သည်။ ဖွင့်ပြောရန် ကြံရွယ်ထားသမျှ သူ နောက်ကျခဲ့ရလေပြီ။

‘နေ့လယ်ပိုင်း ထမင်းစားချိန်မှာ ဝတ်မှုံ ညနေပိုင်း အတန်း မတက်တော့ဘူး။ အဲ့ဒါကြောင့် စာတွေ သေချာမှတ်ခဲ့နော်။ မနက်ဖြန် ကျောင်းပိတ်ရက်ဆိုတော့ မင်းခန့် နင့်အိမ်မှာပဲ စာလာကူးမှာမို့ ရှင်းပြပေးနော်’

‘ဘယ်သွားဦးမလို့လဲ ဝတ်မှုံရယ်’

‘ကိုကျော်စွာနဲ့ သွားစရာရှိလို့ပါ မင်းခန့်ရယ်’

ကျောင်း၏ အပြင်ဘက်ကို ထွက်သွားသော ဝတ်မှုံ၏ ကျောပြင်ကို ငေးကြည့်လျက် သူသည် သက်ပြင်းချနေမိသည်။ ချစ်သူဖြစ်သွားသော ကိုကျော်စွာနှင့် ဝတ်မှုံတို့အကြောင်းကို သိရသောအခါ သူ့ရင်ထဲ နာကျင်မှုက မခံစားနိုင်အောင်ကို ကြေကွဲခဲ့ရတယ်။ ဒါပေမဲ့ ဝတ်မှုံအပေါ်မှာတော့ မေတ္တာမပျက်ဘဲ တိုးလို့သာ ချစ်လျက်ပါပဲ။ လပေါင်းများစွာ နှစ်ရှည်မြတ်နိုး တန်ဖိုးထားရသော ဝတ်မှုံကို သူ မပိုင်ဆိုင်ရသော်လည်း ပိုင်ဆိုင်ခွင့်ရတော့မည့် ကိုကျော်စွာကို မနာလိုမဖြစ်ပါ။ အားကျမိသည်။ ချမ်းသာကြွယ်ဝသော ဝတ်မှုံဆိုတဲ့ ပန်းလေးတစ်ပွင့်ကို အရိပ်တကြည့်ကြည့်နဲ့ မခူးရက်၊ မခြွေရက်ဖြင့် ကျေနပ်နေရတာက သူ့ဘဝပါ။

ဝတ်မှုံကို တစ်ရက်မျှ မတွေ့မမြင်ရပါလျှင် နေမထိ ထိုင်မသာ သူ့အဖြစ်ကြောင့် အမှတ်များ၍ အင်္ဂလိပ်မေဂျာရခဲ့သော်လည်း တစ်ခန်းထဲ အတူနေချင်၍ မြန်မာမေဂျာကို ပြောင်းယူခဲ့သည်။ ဝတ်မှုံက မေးလာသောအချိန်တွင် မြန်မာစာကို စိတ်ဝင်စားသောကြောင့်ဟု သူ ယုံကြည်အောင် မျိုးစုံလှည့်ပတ် လိမ်ညာဖြေမိသည်။ ယခုတွင်မူ အလွန်ပင် နောင်တရမိသည်။ ဝတ်မှုံနဲ့သာ မေဂျာမတူလျှင် အတန်းပျက်၍ ရနိုင်သည်။ မေဂျာတူသောကြောင့် သူက တက် ဝတ်မှုံကပျက် ပိတ်ရက်စာပြန်ကူးခြင်းဖြင့် သံသရာလည်နေသည်။ သူ မြတ်နိုးသော ဝတ်မှုံလေး စိတ်မဆင်းရဲရအောင် ကိုကျော်စွာရဲ့ အကြောင်းကို အတန်းဖျက်၍ စုံစမ်းရဦးမည်။

‘မင်းခန့် ပြောစရာရှိတယ်’

စာလာကူးသော ပန်းဝတ်မှုံက စကားစလာသည်နှင့် သူ နားထောင်နေမိသည်။ မည်သည့် စကားလုံးများ ဝတ်မှုံထံမှ ထွက်ပေါ်လာမည်နည်း။ ‘နှင်းဆီအနီရောင်တစ်ပွင့်နှင့် စာအိတ်အညိုရောင်တစ်လုံးကို ဘယ်သူမှန်း မသိဘူး။ ခြံတံခါးမှာ လာထားသွားတာ အင်း … ဝတ်မှုံ အထင်တော့’

ထိုစကားကြောင့် ဝတ်မှုံများ သိသွားလေသလားဟု ထင်မှတ်လျက် သူ့မျက်ဝန်းများ ပြူးကျယ်ဝိုင်းစက်သွား၏။ သူ့ ရင်ခုန်သံတို့လည်း မြန်ဆန်လာသည်။ ဝတ်မှုံဘက်မှ သိသွားလျှင် မည်သို့ တုံ့ပြန်မည်နည်း။

‘ကိုကျော်စွာပဲ ဖြစ်မှာပါ။ စိတ်ဆိုးစိတ်ကောက်ရင်သာ မချော့တတ်တာ။ ဝတ်မှုံအပေါ် သိပ်ကြင်နာတာပဲ။ ပြီးတော့ ဝတ်မှုံအတွက် နှင်းဆီအနီလေးတစ်ပွင့်ကို အမြဲလက်ဆောင်ပေးတတ်တာ စိတ်ကောက်ရင်သာ မချော့တတ်ပေမယ့် စာအိတ်လေးထဲမှာ စကားလုံးချစ်စရာလှလှလေးတွေနဲ့ ကဗျာစပ်ပြီး အမြဲချော့နေတတ်တာ’ ဝတ်မှုံ၏ ဘေးတွင် အမြဲရှိနေသော သူ့ကို မမြင်ရ မသိရကောင်းလားဟု အပြစ်မဆိုရက်ပေ။ ကိုယ်တိုင်က ဖွင့်ပြောရန် သတ္တိမရှိသည်ထက် ကြောက်လန့်နေမိသည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ဆက်ဆံရေး ဖွင့်ပြောလိုက်မှ ဝတ်မှုံက စိမ်းကားသွားရမည့်အဖြစ်မျိုး သူ ရင်မဆိုင်ချင်။ သူငယ်ချင်း ဆက်ဆံရေးဖြင့်သာ သူ ကျေနပ်နေမိသည်။

ကိုကျော်စွာ ချိန်းထား၍သာ လာရသည်။ တစ်နာရီနီးပါး ကြာလေပြီ။ ချစ်သူဖြစ်သည့်နေ့မှစကာ စိတ်ဆိုးစိတ်ကောက်လျှင်လည်း အပိုပေ။ ဝတ်မှုံကို တစ်ကြိမ်တစ်ခါလေးမျှ မချော့ခဲ့ဖူးပေ။ သို့သော်လည်း ကဗျာလေးများဖြင့် ပြန်ချော့တတ်သည်ကိုတော့ ကျေနပ်နေမိသည်။

‘ဝတ်မှုံ စောင့်နေတာကြာပြီလား’

ကိုကျော်စွာအသံကြောင့် အတွေးရေယာဉ်ကြောမြောနေသော ဝတ်မှုံ ခေါင်းငုံ့နေရာမှ ခေါင်းမော့ပြီး ပြုံးပြလိုက်သည်။

‘စောင့်နေရတာကြာလို့ စိတ်ဆိုးနေပြီလား’ ဒါကလည်း သူ့အပြောပါ။

‘အမောပြေ အအေးလေး သောက်လိုက်ပါဦး ဝတ်မှုံ’

‘ဝတ်မှုံ အအေးမကြိုက်သလို မမောပါဘူး။ ကိုကျော်စွာပဲ သောက်ပါ’

ကိုကျော်စွာ မျက်နှာကွက်ခနဲ ပျက်သွားသော်လည်း အမြန်ပြန်ထိန်းလိုက်သည်။

‘ဝတ်မှုံရယ် သောက်လိုက်ပါနော်။ ဝတ်မှုံအတွက် သောက်စေချင်လို့ ဝယ်လာတာကို မသောက်တော့ ကိုယ် ဘယ်စိတ်ကောင်းပါ့မလဲ။ ‘အအေးလေးမို့ အကုန်သောက်လိုက်နော်’။ ကိုကျော်စွာ စိတ်ချမ်းသာစေရန်အတွက် ဝတ်မှုံသည် အအေးကို သောက်ရန် အအေးဘူးကို ကောက်ကိုင်ကာ ပိုက်ထဲမှ စုပ်ယူလိုက်သော် အအေးပါးစပ်ထဲသို့ မရောက်မီ လူတစ်ဦး၏ လွှင့်ပစ်ခြင်းကြောင့် မြေပြင်ပေါ်သို့ အကုန်မှောက်ကျသွားသည်။

‘ဟင် … မင်းခန့် နင်ဘယ်လိုလုပ်လိုက်တာလဲ’ ဝတ်မှုံ၏ စကားမဆုံးခင်။

‘ဖြောင်း … ဖြောင်း …’

‘ရာရာစစ မင်းကများ ဝတ်မှုံကို ထိရဲတယ်ပေါ့’

‘ငါတို့ကြား မင်းက ဘာမို့လို့ ဝင်ရှုပ်တာလဲ ဖြောင်း ’

ဝတ်မှုံ ရုတ်တရက်မို့ ကြောင်အမ်းအမ်းနှင့် ကြည့်နေမိသည်။ ကျော်စွာနှင့် မင်းခန့် အပြန်အလှန် ထိုးကြိတ်နေကြသည်။ ဝတ်မှုံမှ တော်ကြပါတော့ဟု အော်သောအခါမှာတော့ နှစ်ဦးသား ဒဏ်ရာများစွာနှင့်။

‘ဒါဘာလုပ်တာလဲ၊ ဘာဖြစ်လို့ ရန်လို ဝန်တိုဖြစ်နေရတာလဲ မင်းခန့်’ဟု ဝတ်မှုံမှ ပါးစပ်က ပြောရင်း …

‘ဖြန်း’

‘ဟင် … ဝတ်မှုံ’

ဘာဖြစ်လို့ ဒီလိုစွပ်စွဲရတာလဲ မင်းခန့်။ ငါချစ်သူကို ငါ ယုံကြည်တယ်။ ငါ ကိုကျော်စွာကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ဘူး။ နင်ရဲ့ အခုလို အပြုအမူမျိုးဟာ သိပ်အောက်တန်းကျတယ်။ ထွက်သွားတော့။ ဘယ်တော့မှ ငါ့ရှေ့ ပေါ်မလာနဲ့။ လာ ကိုကျော်စွာ ဝတ်မှုံတို့ အခြားနေရာသွားရအောင်နော်။

‘ဝတ်မှုံရယ် နင် သိပ်ရက်စက်တယ်’

မင်းခန့် တန်ဖိုးထားချစ်ရသော ဝတ်မှုံ သူ့ကိုပင် လှည့်မကြည့်ဘဲ ကျောခိုင်းထွက်သွားလေပြီ။ နာကျင်မှုက ရင်ထဲတဆစ်ဆစ်ဖြင့် နင့်နေအောင် ခံစားရသည်။

‘ကိုကျော်စွာ ပြောတော့ ‘ဇဒင်’ခန်းမ မင်္ဂလာဆောင်သွားရမှာလို့ ပြောတာလေ။ အခု ဘယ်တွေကို သွားနေတာလဲဟင်’

‘အခု ကိုယ်တို့က အချိန်ရသေးတယ်။ အေးအေးဆေးဆေး စကားပြောရအောင်လေ’ဟု ပြောရင်း လူသွား လူလာပြတ်သော နေရာအရောက်တွင် ခုံတန်းလျားလေးတစ်ခုပေါ်တွင် ထိုင်ရင်း စကားပြောနေကြသည်။

ညက ကျော်စွာမှ သူငယ်ချင်းမင်္ဂလာဆောင်သွားရမည်ဖြစ်၍ လက်ဝတ်ရတနာများ ဝတ်ဆင်လာရန် ဖုန်းဖြင့် ပြောကြား၏။ ယနေ့တွင်မူ ကိုကျော်စွာမှ နှခေါင်းတရှုံ့ရှုံ့ဖြင့် အမူအရာက ထူးခြား၍နေသည်။ မျက်ကွင်းများလည်း ညိုနေသည်ဟု ထင်မိသည်။

အချိန်က နံနက် ၈ နာရီလောက် ရှိသော်လည်း ဆောင်းတွင်းကာလမို့ လူသူ ကင်းမဲ့လျက်ရှိသည်။ တိုက်ခတ်လာသော လေနုအေးလေးများက ဝတ်မှုံ၏ မျက်နှာကို ထိတွေ့လာခိုက် အသည်းထဲအေးစိမ့်သွားသလို ခံစားရသည်။ အမှတ်တမဲ့ လမ်းဘေးတွင် တွေ့လိုက်ရသော နှင်းဆီနီတစ်ပွင့်ကို မြင်ကာ သတိရမိ၍ မေးလိုက်မိသည်။

‘နှင်းဆီဆိုရင် ကိုကျော်စွာ ဘာအရောင်ကို ကြိုက်လဲဟင်’

‘ကိုယ်က အဝါဖျော့ဖျော့လေးပဲ ကြိုက်တယ်။ အဝတ်အစားကအစ အဝါရောင်ကိုပဲ ဝတ်တယ်’

‘ဟင် …’

‘ဘာဖြစ်လို့လဲ ဝတ်မှုံ’

‘ဒါဆို ဘာလို့ နေ့တိုင်း နှင်းဆီအနီတွေ လာပို့ရတာတုန်း၊ နှင်းဆီအဝါပဲ ပေးပါလား။ ဘာလဲ ဒီနေ့ကစ နှင်းဆီအဝါပြောင်းပေးမလို့လား’

‘ကိုယ် ဘယ်တုန်းကမှ ဝတ်မှုံဆီကို နှင်းဆီအနီ မပို့ခဲ့ပါဘူး’ ဘာတွေလာပြောနေတာလဲ။

‘ဟင် ဒါဆို ဘယ်သူကများ … ’

‘ဟေ့ … အော်မယ် မကြံနဲ့နော်၊ ငြိမ်ငြိမ်နေကြ နှစ်ယောက်စလုံး’ ရွှေတွေ အကုန်ပေးစမ်း။ မည်သည့်နေရာက ပေါ်လာမှန်းမသိသော ယောကျ်ားသားသုံးဦးမှ ဝတ်မှုံတို့ကို နောက်မှ ဓားနဲ့ထောက်ထား၏။ သူမ မအော်ရဲ၊ မလှုပ်ရဲဖြင့် အားကိုတကြီး ကျော်စွာ၏ မျက်နှာကို ကြည့်သောအခါ …

‘သူတို့တောင်းတာကို မပေးနဲ့ ဝတ်မှုံ’

‘ဖောင်း … ဖောင်း …’

ယောကျ်ားသားသုံးဦးမှ ကျော်စွာကို ထိုးကြိတ်ကြသောအခါ ဝတ်မှုံမှာ ဝတ်ဆင်လာသော ရွှေများကို ချွတ်ပေးရုံမှတစ်ပါး မတတ်နိုင်တော့ပြီ။

ထိုအချိန်တွင် ‘အားလုံးရပ်လိုက်ကြစမ်း’ ဝတ်မှုံ၏ မိဘများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်လူကြီးများကို မြင်ရသောအခါ အလွန်ပျော်ရွှင်သွားရပါသည်။ ယခုမှ ထိုယောကျ်ားသားသုံးဦးသည် ဒူးထောက်လက်မြှောက်နေကြသည်။ ကျော်စွာ၏ထံသို့ ဝတ်မှုံ ပြေးမည့်ဟန်ပြင်လိုက်သောအခါ မိခင်ဖြစ်သူမှ လှမ်းဆွဲလိုက်သည်။

‘သူလဲ ကြံရာပါပဲ၊ မသွားနဲ့သမီး’

သူမ မယုံနိုင် ‘ဟုတ်ရဲ့လား အမေရယ်’

‘ဒီ ဗီဒီယိုကို ကြည့်လိုက် သမီး မယုံရင်’

ဝတ်မှုံ ဗီဒီယိုကို မြင်လိုက်မှ ထိတ်လန့်အံ့ဩသွားတော့သည်။ ကျော်စွာမှ သူ့သူငယ်ချင်းများကို ဝတ်မှုံအား မင်္ဂလာဆောင်သွားရန် လိမ်ညာခေါ်လာမည်ဖြစ်ကြောင်း၊ လူပြတ်သော လမ်းတစ်နေရာတွင် ရွှေများကို လုယူမည်ဖြစ်ကြောင်း ပြောပြနေသည့် ဗီဒီယိုကို ဝတ်မှုံကိုယ်တိုင်ကြည့်လိုက်မှ ယုံကြည်သွားသည်။

မင်းခန့်က ဒီဗီဒီယိုကို ညက ဦးဆီကို လာပေးသွားတာ။ ကြိုတင်သမီးကို ပြောမထားတာကတော့ မူးယစ်ဆေးဝါးသုံးစွဲနေသူတွေကို အခုလို တစ်စုတစ်စည်းထဲ ဖမ်းမမိမှာစိုးလို့ဘဲ သမီး။ ရှင်းပြနေသော ရဲအရာရှိ၏ စကားကိုပင် ဆုံးအောင်နားမထောင်နိုင်တော့ပေ။

‘သမီး မင်းခန့်ဆီကို လိုက်သွားလိုက်ဦးမယ်’ သူငယ်ချင်း မင်းခန့်အပေါ် အထင်လွဲမှားမှုအတွက် တောင်းပန်ချင်စိတ်က ရှေ့တန်းရောက်နေ၏။

‘အခုချိန်ဆို မင်းခန့်က ဘူတာရုံရောက်နေလောက်ပြီ၊ မမီတော့ဘူး ထင်တယ် သမီး။ ဒါလေးတော့ လက်ဆောင်ပေးသွားတယ်’

နှင်းဆီပန်းအနီနှင့် စာအိတ်အညိုကို မြင်ရသောအခါ ဝတ်မှုံ ရင်ထဲနင့်အောင် ခံစားရသည်။ ဘာကြောင့်များ ဖွင့်မပြောဘဲ ရင်ထဲ သိမ်းဆည်းထားရသလဲလို့ လူချင်းတွေ့ရင် မေးလိုက်ချင်သည်။ မင်းခန့်ရှိရာ ဘူတာသို့သာ ဆိုင်ကယ်ကို လှည့်လိုက်လေတော့သည်။

ဘူတာရုံရောက်သည့်အချိန် ရထားဘီးလိမ့်သံ စတင်ကြားရခိုက် ဝတ်မှုံမှာ အမြန်ပင် ပြေးဝင်သွားလိုက်သည်။ စိတ်ထဲမှာ ‘မင်းခန့် ဝတ်မှုံကို ထားမသွားပါနဲ့၊ တောင်းပန်ပါတယ်နော်’ဟု တောင်းပန်စကားများနှင့်အတူ မျက်စိတစ်ဆုံးလိုက်ကြည့်နေခိုက် ဖြည်းညင်းစွာ ထွက်ခွာသွားသော ရထားတွဲကြီးကြောင့် ဝတ်မှုံ၏ မျက်ရည်များက တလိမ့်လိမ့်နှင့် ပါးပြင်ပေါ်သို့ ကျလာသည်။

‘တကယ်ပဲ ထွက်ခွာသွားပြီလား၊ ပြန်လာခဲ့ပါ မင်းခန့်ရယ်’

‘ဝတ်မှုံ’

ဒီသံကို နားထဲမှာ ကြားလိုက်ရသောအခါ လှည့်ကြည့်မိသည်။ ခရီးဆောင်အိတ်နဲ့အတူ မင်းခန့်ကို တွေ့လိုက်၍ ပြေးပြီး တင်းတင်းကျပ်ကျပ် ဖက်ထားမိသည်။

‘အဟင့် … မထားခဲ့ပါနဲ့ မင်းခန့်ရယ်’

ရင်ခွင်ထဲသို့ တိုးဝင်လာသော ဝတ်မှုံကို ကြည့်လျက် ကြင်နာယုယစွာ မျက်ရည်များကို သုတ်ပေးရင်း မေးလိုက်သည်။

‘ဘာဖြစ်လို့ လိုက်လာရတာလဲ ဝတ်မှုံရယ်’

‘မင်းခန့် နင့်ကို ချစ်လို့ပေါ့’

‘အဲ့ဒီစကားက ကိုယ့်ဘက်က ပြောရမှာပါ။ ကိုယ်လေ ဝတ်မှုံကို မခွဲနိုင်လို့ ရထားပေါ်က ပြန်ဆင်းခဲ့မိတယ်’ သိပ်ချစ်တယ် ဝတ်မှုံရယ်၊ အဆင့်အတန်းမတူလို့ ဖွင့်ပြောလိုက်ရင် ဝတ်မှုံ စိတ်ဆိုးပြီး မုန်းမှာစိုးလို့ ဖွင့်မပြောခဲ့တာပါ’

ထိုအချိန်တွင် သူ တန်ဖိုးထားမြတ်နိုးရသော ဝတ်မှုံက ရှက်ပြုံးကလေးပြုံး၍ ခေါင်းညိတ်ကာ သူ့ရင်ခွင်ထဲသို့ တိုးဝင်လာတော့သည်။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်ရှိ လွန်ကျော် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံသို့ သွားရောက်၍ ချည်မျှင်ရှည်ဝါသုတေသနစိုက်ခင်း၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းသော ဝါမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နေမှုနှင့် တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်မည့် နည်းစနစ်များ သရုပ်ပြစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများအား တွေ့ဆုံ၍ သုတေသနပြုတွေ့ရှိချက်များကို အခြေခံသော တစ်ဧကအထွက်နှုန်းတိုးတက်စေမည့် ဝါစိုက်ပျိုးရေးနည်းစနစ်များ၊ ဓာတ်မြေဩဇာအသုံးပြုမှု၊ ပိုးမွှားကာကွယ်နှိမ်နင်းမှုဆိုင်ရာများ၊ မျိုးသန့်ရွေးချယ်အသုံးပြုနည်းနှင့် အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို တောင်သူများနှင့် အနီးကပ်တွေ့ဆုံဆွေးနွေးပညာပေးရန်တို့နှင့် စပ်လျဉ်း၍ မှာကြားသည်။



ယင်းနောက် ကျောက်ဆည်မြို့နယ် အင်းဒိုင်းကျေးရွာအုပ်စုရှိ နွေစပါးမျိုးစေ့ထုတ် ဧက(၁၀၀) စိုက်ကွင်း၌ မျိုးစေ့ထုတ်တောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် ရောင်းချမည့်သီးနှံဈေးနှုန်း သင့်တင့်မျှတစွာဖြစ်စေရေး စီမံဆောင်ရွက်နေမှု၊ သွင်းအားစုအရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရေး ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်နေမှု၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)အာမခံထား၍ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူခြင်းအား ပိုမိုလွယ်ကူစေရန် ဖြေလျှော့ဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး ဦးလှမျိုးက မိုးစပါးစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာနှင့် စက်သုံးဆီလွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်စေရန် ဒေသအလိုက် စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်ထားမှုကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


## ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ လျှော့နည်းကျဆင်း

**၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်**

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းသုံးစွဲရန် လိုအပ်လျက်ရှိသော စက်သုံးဆီများကို ပြည်ပမှ အဓိက တင်သွင်းအသုံးပြုနေရသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ စက်သုံးဆီများဝယ်ယူခြင်းကို အရှေ့တောင်အာရှ နိုင်ငံများတွင် Mean of Platts Singapore(MOPS)ဈေးနှုန်းများ အပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။

ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများအပေါ်မူတည်၍ Mean of Platts Singapore (MOPS) ဈေးနှုန်းများ အတက်အကျတည်ငြိမ်မှုမရှိသော်လည်း နိုင်ငံတော်အစိုးရမှ စီမံဆောင်ရွက်ပေးမှုနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)တို့၏ ပူးပေါင်းဆောင်ရွက်ပေးမှုတို့ကြောင့် နိုင်ငံတော်တွင် ၁၀.၄.၂၀၂၆ ရက်နေ့မှစ၍ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ဒီဇယ်ဆီအသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်လျက်ရှိသည့် အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းကိုထိန်းညှိပေးနိုင်ရန်အတွက် ရိုးရိုးဒီဇယ်ဆီ HSD(500 PPM) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန်(၂%)တို့ကို နိုင်ငံတော်မှ ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကင်းလွတ်ခွင့်ပြုသည့်အတွက် ပရီမီယံဒီဇယ်ဆီဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်လီတာလျှင် ၁,၀၂၀ ကျပ် သက်သာလျက်ရှိပါသည်။




နိုင်ငံတော်အနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး၊ အရန်ဆီပိုမိုသိုလှောင်ထားရှိနိုင်ရေး စီမံဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူခွင့်ရရှိစေရေးအတွက် စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းကျောင်းပေးလျက်ရှိနေကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဧပြီလအတွက် ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံး နည်းပြဆုကို ဂွါဒီယိုလာ၊ အကောင်းဆုံးကစားသမားဆုကို ဂစ်ဘ်ဝိုက်စ်တို့ ဆွတ်ခူး



**လန်ဒန် မေ ၈**

ပရီးမီးယားလိဂ်မှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဧပြီလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ဆွတ်ခူးခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို နော်တင်ဟမ်ဖောရက်စ်အသင်း ကွင်းလယ်ကစားသမား ဂစ်ဘ်ဝိုက်စ်တို့က အသီးသီး ဆွတ်ခူးခဲ့သည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ဧပြီလအတွင်း ကစားခဲ့သည့် ပရီးမီးယားလိဂ် သုံးပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးခဲ့သည်။

အသက်(၅၅)နှစ်အရွယ်ရှိ နည်းပြ ဂွါဒီယိုလာသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းကို ပရီးမီးယားလိဂ် အမှတ်ပေးဇယား အဆင့်(၂)နေရာရရှိအောင်လည်း စွမ်းဆောင်ထားနိုင်ခဲ့သည်။

ထို့အတူ ကွင်းလယ်ကစားသမား ဂစ်ဘ်ဝိုက်သည် ဧပြီလအတွင်းက နော်တင်ဟမ်ဖောရက်စ် အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲကစားပြီး လေးဂိုးသွင်းယူကာ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဂစ်ဘ်ဝိုက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၁ပွဲ ကစားပြီး ၁၆ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(NGB)